

ဝိတ်ကဒုံးချိုချိုစာဆယည်ာ
၁၉၂၀ - ၂၀၂၀
ရာပြည့်ရန်ကုန်တက္ကသိုလ်အမှတ်တရ
တက္ကသိုလ်ဆောင်ဝတ္ထုများ
အင်းလျားဆောင်
လင်းယုန်နီ
အင်းလျား
ဒုတိယအကြိမ်

mgyoe.com

အင်းလျား...

အင်းလျား၏အမည်မှာ

သက်ကြီးသက်ရယ်များ နတ်ဖုရားသ်ပင် သီးနေ၏။

ဒါပေမဲ့ လူတိုင်းသည်ပင် အင်းလျားကို သိကြ

အင်းလျားအကြောင်းကို မပြောတတ်ကြသည့်တိုင်အောင်

ကြားဖူးနားဝ ရှိနေတာကတော့ အမှန်ပင်ဖြစ်၏။

ကောလိပ်ကျောင်းသို့ မရောက်ကြသေးသော

ကျောင်းသူလေးများက ဆိုလျှင်

ကောလိပ်ကျောင်းကို တက်ရောက်ခွင့်ရကြလျှင်

အင်းလျားကျောင်းဆောင်တွင် နေထိုင်မည်ဟု

စိတ်ကူးယဉ်အိပ်မက် မက်တတ်ကြ၏။

အင်းလျားကိုလည်း နတ်နန်းနိဗ္ဗာန်လို မျှော်မှန်းတတ်ကြ၏။

လူငယ်လူရွယ်တွေကလည်း ကောလိပ်ကျောင်းသို့

ရောက်သည်ဟု ဆိုသည်နှင့်တစ်ပြိုင်နက်

အင်းလျားကျောင်းဆောင်ရှေ့ကို

လှည့်ပတ်ကြည့်ရှုတတ်ကြ၏။

အကြောင်းရှာ၍လည်း အင်းလျားကျောင်းဆောင်၏

ဧည့်ခန်းကို ဝင်ရောက်လာတတ်ကြ၏။

အင်းလျားဆိုတာကလည်း နာမည်ကြီးပေသကိုး။

ISBN 9789997130723

FIC159

9 789997 130723

2,000.00 KS

mgyoe.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အင်းလျား

## လင်းယုန်နီ

ရာပြည့်ရန်ကုန်တက္ကသိုလ်အမှတ်တရအဖြစ်
ပြန်လည်ထုတ်ဝေသည်။

ဒုတိယအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

အင်းလျား။ လင်းယုန်နီ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
တမျက်နှာ ၁၇၈ မျက်နှာ၊ ၁၂.၈ စင်တီ × ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း။ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း။ ရန်ကင်း။
၂၀၂၀၊ မတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၅၊ ကျော်ညွန့်နှင့်အပေါင်းအသင်းစာပေထုတ် ပထမအကြိမ်မှ

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com



# အင်းလျား

■ အောင်ပြည့်

[ "တက္ကသိုလ်နောက်ခံ မြန်မာဝတ္ထုများ"စာတမ်းမှ ]

. . . နောက် လင်းယုန်နီရဲ့ 'အင်းလျား' ကို ကြည့်ပါဦးစို့။ အင်းလျားဆိုတဲ့အတိုင်းပဲ အင်းလျားကျောင်းဆောင်က အဖြစ်ဆန်းကလေး တစ်ဘဝကို ရေးပြတာပါ။ အကျင့်ယုတ်တဲ့၊ လှည့်စားတတ်တဲ့ အင်းလျားသူ မိန်းကလေးတစ်ယောက်အကြောင်းကို ဇာတ်ဝင်အောင် ရေးထားတာပါ။ တက္ကသိုလ်မှာ ဂုဏ်တုဂုဏ်ပြိုင်ကိစ္စတွေ ရှိတယ်။ ပျက်စီး လေလွင့်နေတဲ့ မိန်းကလေးမျိုးတွေလည်း ရှိတယ်။ တစ်ချိန်က အင်းလျားဟာ နာမည်ကြီးလွန်းလို့ ဘုန်းကြီးတွေတောင် အဆောင်ပေါ်တက်ဖို့ ခွင့်တောင်းရတဲ့အထိ ဖြစ်ခဲ့တယ်ဆိုတာကို ဇာတ်လမ်းဆင်ပြီး ရေးထားတာပါ။ ဝတ္ထုမှာ လေးနက်တဲ့အကြောင်းအရာ အထူးမရှိလှပေမဲ့ ဖတ်ပျော်တဲ့ဝတ္ထုကောင်းပါ။

ဝတ္ထုဟာ ဝတ္ထုပဲဖြစ်ပြီးတော့ တကယ့်အရှိအဖြစ်တွေနဲ့ ဆန့်ကျင်တဲ့အဖြစ်တွေကို တွေ့ရလို့ မကျေချမ်းစရာ

mgyoe.com

mgyoe.com



လေးတွေပါ ပါပါတယ်။ သူရေးတဲ့ 'မကောင်းတော့ပြီဖြစ်သော မနှင်းရီ' ဆိုတဲ့ ဝတ္ထုဟာလည်း အင်းလျားသူလေးတစ်ယောက်အကြောင်းပါပဲ။ အင်မတန်ရိုးသားတဲ့ မနှင်းရီဟာ နောက်ဆုံး မကောင်းတော့တဲ့မနှင်းရီအဖြစ် တက္ကသိုလ်ဘဝကို အခြေခံပြီးတော့ ရေးပြထားတာပါ။ ရိုးသားတဲ့ကျောင်းသူကလေးရဲ့ မဟာဒုက္ခ တွင်းဆုံးကျပုံကို တပ်မတော်သား ဆာဂျင်ကိုဝေလင်းနဲ့ ဇာတ်ဖွဲ့ပြီးတော့ ကျောင်းသူတွေကို သင်ခန်းစာပေးထားတာပါ။ ။

mgyoe.com

mgyoe.com

# အင်းလျား

လင်းယုန်နီ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အင်းလျား

## (၁)

“တော်တော် လူဝါးဝတဲ့ ဟာမတွေ”

မာမာသည် အောက်နှုတ်ခမ်းလေးကို ပြတ်ထွက်လုမတတ် ကိုက်ထားမိလေသည်။ စိတ်ထဲမှလည်း ဤသို့ပင် ရေရွတ်နေမိ၏။

“တော်တော် လူဝါးဝတဲ့ ဟာမတွေ”

ဖြူဖွေးပြည့်ဖြိုးသော သူ့ပါးလေးနှစ်ဖက်သည်ပင် ပန်းနုရောင်ထကာ တဆတ်ဆတ် တုန်နေရှာ၏။ မည်းနက်တောက်ပြောင်၍ နုနယ်သည့် အသွင်သဏ္ဌာန်မျိုးကို ဆောင်နေသော သူ့မျက်လုံးအစုံ၌လည်း မျက်ရည်စလေးများမှာ ရစ်ဝဲလျက်ရှိ၏။ မာမာသည် သံတံခါးပေါက်ကြီးမှ သံတိုင်လေးတစ်တိုင်ကိုပင် အငြိုးထားခဲ့ဖူးခဲ့သလို ခပ်တင်းတင်းဆုပ်ကိုင်ထားမိ၏။ သံတိုင်တစ်တိုင်သည်သာ နာကျင်တတ်ပါလျှင်လည်း မာမာက သံတိုင်ကိုပင် နာကျင်စေလို၏။ မာမာသည် တတ်နိုင်ပါလျှင် တစ်ဖက်သားထံ တအားပြေး၍ ပါးတစ်ဖက်ကို ဖြန်းခနဲ ရိုက်လိုက်ချင်သည်။

ဤမျှပင် ဒေါသအမျက် ကြီးမားရလောက်အောင်လည်း မာမာ့

mgyoe.com

mgyoe.com


အတွက် လုံလောက်သော အကြောင်းအချက်မှာ ရှိနေ၏။ မာမာသည် ငယ်လည်း ငယ်၏။ အတွေ့အကြုံလည်း နည်း၏။ ဒါကြောင့်လည်း သူ့တွင် မဟုတ်မခံစိတ်သည် ဤမျှ ပြင်းထန်နေခြင်းဖြစ်၏။

အမှန်ကတော့ မာမာသည် ကျေးတောသူလေးတစ်ဦးနှင့်သာ ပမာတူသည်။ ကျေးတောသူသည် မမျှော်လင့်ဘဲ ရွှေနန်းတော်ကြီးထဲသို့ ဝင်ရောက်ခစားခွင့် ရရှိခဲ့၏။ ထိုအခါ ကျေးတောသူသည် ထီးသုံးနန်းသုံးကို ကျင့်သုံးလိုက်နာလာရ၏။ ဒါပေမဲ့ မိမိ၏ဗီဇကို မဖျောက်နိုင်သော ကျေးတောသူသည် ဟုတ်တာမှန်သမျှကို ပြောလိုက်ချင်၏။ မှန်တာ မှန်သမျှကို လုပ်လိုက်ချင်၏။

ဒါပေမဲ့ ရွှေနန်းတော်သူတွေကတော့ သူ့လိုမဟုတ်။ သူတို့၏ ယဉ်ကျေးသိမ်မွေ့ခြင်းမှာ နုနယ်လွန်းအားကြီး၏။ သူတို့၏ ပါးနပ်လိမ္မာခြင်းမှာလည်း ထူးကဲလွန်းအားကြီး၏။ ပြီးနောက်လည်း သူတို့သည် အချင်းချင်းအပေါ်၌ပင် အညွန့်ခူးစားတတ်ကြ၏။ မာမာကလည်း ဒါကိုပင် မခံနိုင်ခြင်းဖြစ်ပေသည်။

ဒါပေမဲ့ မခံနိုင်၍လည်း ဘာကိုမျှ တတ်နိုင်ခြင်းမရှိ။ မာမာသည် သူတို့တစ်တွေထက် နု၏။ ဘယ်ဘက်ကယှဉ်ယှဉ် မာမာသည် လူတကာထက် သိမ်ငယ်၏။ သူကသာ လူတကာကို ခေါင်းမော်၍ ဖူးမြော်ခဲ့ရ၏။ သူကသာ လူတကာရှေ့မှောက်၌ ခေါင်းငုံ့၍ လျှောက်ခဲ့ရ၏။ အဲဒါကလည်း မာမာ၏စိတ်ကို အားငယ်စေချက် တစ်ချက်ပင် ဖြစ်ခဲ့၏။ သိမ်ငယ်ရခြင်းသည် မျက်နှာငယ်ရခြင်းပင် ဖြစ်ပေသည်။

"တော်တော် လူဝါးဝတဲ့ ဟာမတွေ"

မာမာက ဒါကိုပဲ ထပ်တလဲလဲ စိတ်ထဲမှနေ၍ ရေရွတ်နေမိ၏။ သည်လိုနေရာမျိုးတွင် မငိုမိစေရန်လည်း သူ့ဒေါသကို ဇွတ်အတင်း ချုပ်တည်းထားရ၏။ မာမာ၏စိတ်သည် လှိုင်းတံပိုး ပြင်းထန်လှသော

mgyoe.com

mgyoe.com


ပင်လယ်ပြင်အတွင်း၌ လှေငယ်လေးတစ်စင်းဖြင့် ခရီးသွားနေရသလိုပင် စိမ့်၍အေးနေ၏။ သူ့ရည်မှန်းချက်သို့ ရောက်မည်၊ မရောက်မည်ပင် မာမာသည် မသိနိုင်တော့ပေ။

မာမာသည် ဝမ်းလည်းနည်း၏။ ဒေါသလည်း ဖြစ်၏။

မာမာတစ်ယောက် ဤသို့ ကြိတ်မနိုင် ခဲမရ ဖြစ်နေသည်ကို ယောကျ်ားလေးအချို့က စောင်းငဲ့ကြည့်သွားကြ၏။ မိန်းကလေးအချို့ ကလည်း စူးစမ်းစပ်စုလိုသော မျက်လုံးလေးများဖြင့် ကြည့်သွားကြ၏။ သူတို့က ကြည့်ကြလေလေ မာမာသည်လည်း ဝမ်းနည်းလေလေ ဖြစ် လာမိ၏။ မာမာသည် ဤနေရာဌာနမှပင်လျှင် ငှက်ကလေးတစ်ကောင် လို ရောက်ရာပေါက်ရာသို့ ပျံပြေးလိုပေသည်။

"ဟင်... မာမာတစ်ယောက်တည်း ဘာထွက်လုပ်နေတာလဲ"

အင်းလျားလမ်းတစ်လျှောက် ကံ့ကော်ပင်များအောက်က မြောက်မှ တောင်သို့ လျှောက်လာရင်း ဝင်းပေါက်ဝသို့ ရောက်လာခဲ့သော မိန်းမပျို တစ်ယောက်က မာမာ့ကို အံ့သြတကြီး ကြည့်ကာ သက်ညှာကြင်နာစွာ မေးမိ၏။ ဒါပေမဲ့ မာမာက မျက်ရည်စလေးများ ရစ်ဝဲလျက်ရှိသော မျက်လုံးအစုံဖြင့်သာ ထိုမိန်းမပျိုကို ပြန်လည်ငေးမောနေမိ၏။

မာမာကတော့ ခုကဲ့သို့သော အချိန်အခါမျိုးတွင် ဤသို့သော အမေးစကားမျိုးကို သူ့အား လာရောက်မေးမြန်းသူကို သူ့မေမေ ဖြစ်လိုက် စေချင်၏။ ခုလိုအချိန်အခါမျိုးတွင် သူ့အပေါ်တွင် အတိုင်းအဆမရှိ လောက်အောင် မေတ္တာတရား ထားရှိမည်ဖြစ်သော သူ့မေမေသာ ဤ ကဲ့သို့သော အမေးစကားတစ်ခွန်းကို လာရောက်မေးမြန်းမည် ဆိုပါက လည်း မာမာသည် ဤသို့ပင် သူပြောလိုသော အကြောင်းကိစ္စကို နှုတ် ဖြင့် အဖြေမပေးဘဲ ဤသို့သာ ငိုင်နေမိမည်မှာ အမှန်ပင်ဖြစ်၏။ ဒါပေမဲ့ မာမာသည် သူ့မေမေ၏ခါးကို ပြေး၍ဖက်ကာ သူ့ခေါင်းလေးကိုလည်း

mgyoe.com

mgyoe.com


သူ့မေမေ၏ ရင်ခွင်ထဲသို့ ထိုးလိုက်မိမည်ဖြစ်၏။ ပြီးမှ စကားလုံးပေါင်း သောင်းခြောက်ထောင်ထက်မက ပို၍လေးနက်သော အဓိပ္ပာယ်များဖြင့် ရှိုက်၍ရှိုက်၍ ငိုကြွေးမိမည် ဖြစ်ပေသည်။

ဒါပေမဲ့ သူ့မေမေမှာ ခုလိုအချိန်အခါမျိုး၌ ဘယ်နည်းနှင့်မျှ သူ့ထံသို့ လာရောက်နိုင်တော့မည် မဟုတ်။ နောက်နောင်သောအခါများတွင်လည်း ဘယ်သောဘယ်ခါတွင်မှ လာရောက်နိုင်လိမ့်မည် မဟုတ်။ အမှန်ကတော့ မာမာမှာ မိတဆိုးလေးတစ်ဦးသာ ဖြစ်ရှာ၏။

"ဟော့... မာမာ ဘာဖြစ်နေတာလဲ"

မိန်းမပျိုက မာမာ၏ ပခုံးလေးတစ်ဖက်ကို ဆွဲကိုင်လှုပ်ယမ်းကာ နောက်ထပ်တစ်ခါ မေးလိုက်၏။ သူနှင့် အဖော်ပါလာသော ယောကျ်ားပျိုဘက်သို့ လှည့်၍လည်း တစ်ချက် ကြည့်မိရှာ၏။ ယောကျ်ားပျိုကလည်း မာမာ၏အကဲကို ကြည့်ကာ လက်နှစ်ဖက်ကို ဖြန့်ခါ၍ ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်လေသည်။

"ကြည့်စမ်း... မျက်ရည်တွေလည်း ဝဲလို့၊ ဘယ်သူနဲ့ ဘာဖြစ်လို့လဲ"

ထိုသို့ ထပ်ဆင့်၍ မေးသည့်တိုင်အောင် မာမာက ဘာကိုမျှ မပြောဘဲ ရှုံ့စိုက်ရုံသာ ရှုံ့စိုက်နေသောကြောင့် မိန်းမပျိုက မာမာ၏ လက်ကလေးတစ်ဖက်ကို ဖမ်းဆွဲလိုက်ရ၏။

"အခု ဘယ်သွားမလို့လဲ၊ တော်တော်ကြာဆို ဂိတ်ပိတ်တော့မယ်။ ခြောက်နာရီတောင် ထိုးတော့မယ်။ လာ ဝင်ကြစို့လား"

မိန်းမပျိုက ထိုကဲ့သို့ မာမာအား ဂရုတစိုက် အရေးတယူပြုနေစဉ် သူနှင့်အတူပါလာသော ယောကျ်ားပျိုက အလိုက်သိတတ်ဟန်ဖြင့် "ဒါဖြင့် ကျွန်တော် ပြန်မယ် မအေးသိန်း" ဟု မိန်းမပျိုကို နှုတ်ဆက်လိုက်၏။ မာမာကလည်း မအေးသိန်းကို ရှုံ့စိုက်ငေးမောနေရာမှ သူငယ်

mgyoe.com

mgyoe.com


ပျိုဘက်သို့ အာရုံပြောင်းကာ စူးစိုက်နေပြန်၏။ ထိုအခါတွင်မှ အေးအေးသိန်းက သူငယ်ပျိုဘက်သို့ လှည့်ကာ "အေးလေ ပြန်တော့ပေါ့" ဟု အမိန့်ဆန်ဆန် ပြောလိုက်၏။

"မနက်ဖြန်ကျရင်တော့ အသိန်း လိုချင်တာကို ယူခဲ့ဖို့ မမေ့နဲ့နော်"

"အင်း အင်း မနက်ပိုင်းကို ကလပ်စ် မတက်ဘဲ သွားယူပေးပါ့မယ်"

သူငယ်ပျို လှည့်ထွက်သွားသည်ကို မာမာနှင့်အတူ အေးအေးသိန်းကပါ ငေးကြည့်နေမိ၏။ အတန်ကြာခါမှ အေးအေးသိန်းသည် မာမာ့ကို ပြန်လည်သတိရဟန်ဖြင့် ပြန်လှည့်ကာ မာမာ့လက်ကို နာကျင်ခြင်းမရှိစေရန် ညှာ၍ဆွဲလိုက်၏။

"ဟော့ ဘာငေးနေတာလဲ၊ လာလေ ဝင်ကြစို့"

အဲဒီတော့မှ မာမာကလည်း ကလေးတစ်ယောက်လိုပင် အေးအေးသိန်း လက်ဆွဲခေါ်ရာနောက်သို့ ခပ်ဖြည်းဖြည်း လိုက်ပါလာခဲ့မိ၏။ နေ့ကွေးလွန်းသဖြင့် အေးအေးသိန်းကပင် အဆောင်၏ ဆင်ဝင်ရှေ့က မြက်ခင်းအဝိုင်းလေးသို့ မရောက်မီ မာမာ၏လက်ကို လွှတ်လိုက်မိ၏။

"ဘာဖြစ်လို့လဲ မာမာ၊ ဘယ်သူက ဘာပြောလို့လဲ"

အေးအေးသိန်းက ထပ်၍မေးမိ၏။ ဒါပေမဲ့လည်း မာမာက ဘာမျှပြန်လည်ပြောဆိုခြင်း မပြုသောကြောင့် အေးအေးသိန်းသည် နောက်ထပ် ဘာကိုမျှမေးရန် စိတ်မကူးတော့ဘဲ မာမာ၏ရှေ့မှသာ အပေါ်ထပ်သို့ တက်ခဲ့မိ၏။ မာမာကလည်း သူ့နောက်မှလိုက်၍ တက်လာခဲ့မိသည်။

အပေါ်ထပ်သို့ ရောက်သောအခါ "ခုမှ ပြန်လာသလား အသိန်း" ဟု တစ်စုံတစ်ယောက်က လှမ်းနှုတ်ဆက်၏။ အေးအေးသိန်းကလည်း ပြုံးပြုံးရယ်ရယ်ပင် "အေး မြင်တဲ့အတိုင်းပေါ့ကွာ" ဟု ဖြေခဲ့မိ၏။ မာမာ

mgyoe.com

mgyoe.com


ကတော့ ဘာကိုမျှ ဝင်ရောက်ပြောဆိုခြင်းကို မပြုမိ။ သူ့အား ဘယ်သူကမျှ အရေးတယူ လုပ်ကြလိမ့်မည်မဟုတ် ဟူ၍ပင် သူက ထင်နေမိ၏။

သူ့အခန်းရှေ့သို့ ရောက်သောအခါ၌လည်း မာမာသည် သူ့ရှေ့မှ လျှောက်သွားသော အေးအေးသိန်းကို ဘာမျှ လှမ်းမပြောဘဲ နောက်ချန်၍သာ နေရစ်၏။ အေးအေးသိန်းကလည်း နောက်ဘက်သို့ တစ်ချက်မျှသာ လှည့်ကြည့်ကာ သူ့အခန်းသို့ရောက်အောင် ဆက်လျှောက်သွားလေသည်။

"ဘယ်သွားနေတာလဲ မာမာ၊ ကိုယ်ဖြင့် တစ်ယောက်တည်း ကြောက်လိုက်တာကွယ်"

မာမာသည် သူ့အခန်းထဲသို့ ဝင်ရောက်လိုက်သောအခါ၌လည်း ကြည်ကြည်ဝေက ဆီး၍ သူ့ကို အရေးတယူ မေးမြန်းနေပြန်၏။ ဒါပေမဲ့ မာမာက ကြည်ကြည်ဝေကို အဖက်လုပ်၍ စကားပြန်ပြောခြင်းမရှိဘဲ သူ့ခုတင်ပေါ်သို့သာ သူ့ကိုယ်လုံးလေးကို ပစ်လှဲချလိုက်၏။

ကြည်ကြည်ဝေကတော့ နောက်ထပ် ဘာမျှပြောခြင်းမရှိ။ နဂိုကပင် ကြည်ကြည်ဝေမှာ စကားနည်းသူဖြစ်၏။ အခန်းအောင်းသူ ဖြစ်၏။ အားအားရှိလျှင် စာအုပ်ကို ပွေ့ဖက်ထားတတ်သူဖြစ်၏။ သို့မဟုတ်ပါကလည်း မဂ္ဂဇင်းတစ်စောင်အတွက် စာမူ အတိုအထွာလေးများကို ရေးနေတတ်၏။ ကဗျာစပ်တတ်၏။ ဒါပေမဲ့ ကြည်ကြည်ဝေသည် လူများတကာထက်ပို၍ ကြောက်တတ်၏။ သူသည် အချိန်မရွေး အခန်းအောင်းကာ စာအုပ်နှင့်နေတတ်သူ ဖြစ်သော်လည်း အဖော်မရှိရင်တော့ စာကိုပင် ဖြောင့်ဖြောင့်ဖတ်ရဲသူတစ်ဦး မဟုတ်ခြင်းကြောင့် ခုလို မာမာ ပြန်လည်ရောက်ရှိလာခါမှ အားတက်သွားဟန်တူ၏။ ထိုနောက်မှာတော့ မာမာ၏အခြေအနေအကြောင်းကိုမျှ အကဲခတ်ဖော်မရတော့ဘဲ ကြည်ကြည်ဝေသည် သူဖတ်နေသော စာအုပ်ထဲ၌ စိတ်ပါဝင်စား နေမိပြန်လေ

mgyoe.com

mgyoe.com


သည်။

ခဏကြာခါမှ ကြည်ကြည်ဝေသည် မာမာ၏ရှိုက်သံလေးကို သတိပြုလိုက်မိ၏။ သူလှည့်၍ ကြည့်လိုက်သောအခါ မာမာသည် သူ့ခုတင်ထက်တွင် မှောက်၍ ငိုနေပြီဖြစ်၏။ သူက အံ့သြနေမိစဉ်မှာပင် အေးအေးသိန်းသည် ကမန်းကတန်း လဲလာဟန်တူသော တိုဘရက်ကိုး အဝါပွင့်ရိုက်ကလေးကို ပြင်ဝတ်ကာ အခန်းပေါက်ဝသို့ ရောက်ရှိနေပေ ပြီဖြစ်၏။ သူ့ဘေးမှလည်း ကစ်တီ ပါလာပေသည်။

"ဘာဖြစ်တာလဲ ကြည်ကြည်"

ကစ်တီက အရင် အခန်းတွင်းသို့ တိုးဝင်လာရင်း သွက်လက်စွာ မေးလာ၏။ ကြည်ကြည်ဝေကလည်း စာအုပ်ကို ဘေးသို့ချရင်း သူ့ခေါင်း လေးကိုသာ ခါယမ်းပြမိရှာ၏။

ကြည်ကြည်ဝေဆိုတာကတော့ အဲဒီလောက်ပင် ရိုး၏။ အ လည်း အ၏ ။

* * *

(၂)

အကြောင်းစုံကို ကြားသိလိုက်ရပြန်တော့လည်း ကစ်တီနှင့် အေး အေးသိန်းတို့မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်၍ ပြုံးရာမှ ဟာစ်၍ပင် ရယ်လိုက်မိ၏။ အတော်ကြာပင် ရယ်ကြရသည်။

"ဒါလေးအတွက်များ ဒီလောက်တောင် ဖြစ်ရသလား မာမာရယ်"

"ဖြစ်တာပေါ့၊ သူလုပ်တာက တရားမှ မတရားဘဲ"

မာမာကလည်း ကလေးလိုပင် နှုတ်ခမ်းကလေးတွေကို စူကာ အစ်မများအပေါ်၌ နွဲ့ဆိုးဆိုးလာသော ညီမတစ်ယောက်ဟန်ဖြင့် ပြော လိုက်မိ၏။ ဘာမျှလည်း သည်လောက်ဖြစ်စရာ အကြောင်းမဟုတ်။

mgyoe.com

mgyoe.com


ထမင်းစားအနည်းငယ် နောက်ကျသွား၍ သူ့အတွက် အသားမကျန်တာကို မာမာသည် ဝမ်းနည်းကာ ဒေါသထွက်နေခြင်း ဖြစ်၏။

"မမသိန်းတို့ကိုပြောရင် မမသိန်းတို့က ဘောဘီ့ကို ပြောပေးမှာပေါ့ကွယ်"

အေးအေးသိန်းက ဤသို့ပင် ရယ်ရာမှ မာမာ့ကျောကို ပွတ်သပ်၍ ချော့ပြောမိ၏။ ကစ်တီကလည်း "သူ ဒီလိုလုပ်ရင် နောက်တစ်ခါ ကိုယ်က ဦးအောင်သွားပြီး အသားချည်း စားပစ်လိုက်ပေါ့" ဟု ပြော၏။

"ဝက်သားဟင်းကို အသားချည်းစားပြီး အဆီတုံးတွေ ချန်ထားတာကို မကျေနပ်လို့ ပြောနေတာ မဟုတ်ပါဘူး မမသိန်းရယ်၊ ဘူးသီးဟင်းချိုမှာတောင် ဘူးသီးဖတ်မှ မချန်ဘဲ အဖတ်ချည်း ရွေးစားသွားလို့ ပြောတာပါ"

အေးအေးသိန်းက ရယ်လိုက်မိပြန်၏။

"အေးလေ ဒီလိုဆိုရင်လည်း ကိုယ်နဲ့ တစ်ခန်းထဲနေတဲ့လူချင်းပဲ၊ မာမာ ဘာကြိုက်တတ်တယ်ဆိုတဲ့အကြောင်းကို ပြောပြထားပေါ့။ ဘောဘီဟာ ဒါလောက်တော့လည်း မိုက်ရိုင်းမယ့်ကောင်မလေး မဟုတ်ပါဘူး ထင်ပါရဲ့ကွယ်"

"မမိုက်ရိုင်းပေမဲ့ ခုဟာကတော့ သက်သက်မဲ့ လူဝါးဝတာ။ မာမာ့အပေါ်မှာ သက်သက်မဲ့ အညွန့်ခူးစားတာ။ တစ်နေ့ကလည်း သူ ဒီလိုပဲ၊ ကြက်ဟင်းခါးသီး ချက်ပေးထားခဲ့တဲ့ဥစ္စာ၊ ပုစွန်ခြောက်ဖတ်ချည်းပဲ တစ်ဖတ်စီ ရွေးစားတယ်"

"ဒါကတော့ သူ ကြက်ဟင်းခါးသီးကို မကြိုက်လို့နဲ့ တူပါတယ်ဟယ်"

ကစ်တီကပင် မနေနိုင်၍ ဝင်ပြောရ၏။ ဒါပေမဲ့ မာမာက မခံဘဲ ပြန်ပက်ပြန်လေသည်။

mgyoe.com

mgyoe.com



"သူ ကြက်ဟင်းခါးသီးဖတ်ကို မကြိုက်တာနဲ့ မာမာကတော့ ကြက်ဟင်းခါးသီးအဖတ်ချည်း စားရမှာလား။ သူလည်း ဒီလောက် ပေး စားတာပဲ၊ မာမာလည်း ဒီလောက် ပေး စားတာပဲ"

"အေးပါ၊ ဘေဘီလာရင် မမသိန်းတို့ ဝိုင်းပြောပေးပါ့မယ်။ ဒီလောက်ဟာလေးနဲ့တော့ ဒီလောက်တောင် ဖြစ်မနေပါနဲ့"

အေးအေးသိန်းက လူကြီးစကားကို ပြောလာ၏။

"ဟင့်အင်း မာမာတော့ အခန်းပြောင်းမှာပဲ"

"ပြောင်းကော ဘယ်အခန်းကို ပြောင်းမှာလဲ။ ဒီလောက်တောင် အခန်းတွေရှားလွန်းလို့ နေစရာ ထိုင်စရာ မရှိရတဲ့အထဲမှာ"

"မပြောင်းရရင် အိမ်ပြန်နေမယ်၊ အိမ်ကနေပဲ ကျောင်းတက်မယ်"

ကစ်တီကပင် ပြုံးရာမှ မျက်နှာထား ပြောင်းလာမိ၏။ ကြည်ကြည်ဝေကလည်း မျက်နှာပျက်နေမိ၏။ ထိုကြားထဲကမှ မဆီမဆိုင် ဝင်ပြော လိုက်သေး၏။

"ကိုယ့်ကို စိတ်ဆိုးလို့တော့ မပြောင်းပါနဲ့ မာမာရယ်"

အေးအေးသိန်းတို့ သုံးယောက်စလုံးက သူ့မျက်နှာကို လှမ်းကြည့် လိုက်မိကြ၏။ ဒါပေမဲ့ ဘယ်သူကမျှ သူ့ကို အဖက်လုပ်၍ မဖြေရှင်းကြ။ ရှင်းနေသော အကြောင်းကိစ္စတစ်ရပ်အတွက်ပင်လျှင် သူကလည်း စိုးရိမ် တကြီး ဖြစ်နေလိုက်သေး၏။ ဘေဘီက ဟင်းခွက်များကို ဦးအောင် စားစားသွားတာ မခံချင်ပါဟု အကြောင်းကိစ္စကို ဖွင့်ဟပြောဆိုနေပါ လျက်နှင့် ကြည်ကြည်ဝေသည် အမြင်ကတ်စရာကောင်းလောက်အောင် သူ့အပေါ်၌ အပြစ်ရောက်မှာကို စိုးရိမ်နေပြန်သည်။ အဲဒီလောက် တာဝန် ကိုကြောက်၍ ရိုးအလွန်းပြန်တော့လည်း သူ့ကို အဖက်လုပ်၍ပင် ဘယ်သူကမျှ ဖြေရှင်းရန် စိတ်မကူးကြတော့ပေ။

ကြည်ကြည်ဝေဆိုတာကတော့ အဲဒီလောက်ပင် ရိုးအလွန်း၏။

mgyoe.com

mgyoe.com


သူတို့တစ်တွေ ကျောင်းကိုရောက်ကတည်းက ကျော်ကြားလျက်ရှိသော ကြည်ကြည်ဝေ၏ ရိုးအခြင်းမှာလည်း ကနေ့ထက်တိုင်အောင်ပင် မပြောင်းလဲဘဲ တည်ရှိခဲ့၏။ ကြည်ကြည်ဝေသည် စာအုပ်နှင့် အရိပ်ပြပွဲများ အကြောင်းကလွဲ၍ ဘာအကြောင်းကိုမျှ ပြောတတ်သူတစ်ဦး မဟုတ်။ သူ့ထံသို့ လာရောက်လည်ပတ်လျှင် ပျင်းရိ၍သာ ပြန်ရတတ်၏။ စိတ်ပါဝင်စားဖွယ်ရာကောင်း၍ ပြောမဆုံးနိုင်လောက်အောင် ဆွဲဆောင်နိုင်စွမ်းရှိသော အရိပ်ပြပွဲများအကြောင်းကိုပင် ကြည်ကြည်ဝေသည် ဇာတ်ကြီးဆယ်ဘွဲ့အကြောင်းလို သင်ခန်းစာများ ထုတ်ပြတတ်ပေသည်။

ဒါကြောင့်လည်း သူ့လို စာရူးတွေကလွဲလျှင် သူ့တွင် အခြားအပေါင်းအသင်းရယ်လို့ သိပ်မရှိလှ။ သူ့ထံသို့ လာရောက်ကြလျှင် စာအကြောင်း၊ ပေအကြောင်းကို မေးမြန်းလိုကြသူတွေသာ များ၏။ စာအကြောင်း ဆွေးနွေးလိုသူတွေသာ များ၏။ တစ်ခါတစ်ခါတော့လည်း အရိပ်ပြပွဲနှင့် ပတ်သက်၍ ဆွေးနွေး၏။ ဒါပေမဲ့ သူတို့ဆွေးနွေးကြသော အရိပ်ပြပွဲများအကြောင်းကို အခြားမိန်းကလေးများက စိတ်ဝင်စားမှု မရှိကြ။ သူတို့ဆွေးနွေးကြသော အရိပ်ပြပွဲများအကြောင်းမှာ အနောက်တိုင်းက ဂန္ထဝင်စာပေများအကြောင်းကို သရုပ်ဖော်ထားသည့် ရုပ်ရှင်များအကြောင်းသာ ဖြစ်တတ်၏။ သို့မဟုတ်ပါကလည်း တဝါးဝါးသမ်းကာ ပျင်းလောက်အောင် ကြည့်ရတတ်သော အင်မတန် ဇာတ်လမ်းကောင်းပါသည်ဟုဆိုသည့် အရိပ်ပြပွဲများအကြောင်း ဖြစ်တတ်ပေသည်။

အေးအေးသိန်းနှင့် ကစ်တီတို့ကဆိုလျှင် ကြည်ကြည်ဝေနှင့် ရုပ်ရှင်ကြည့်ရန် ဘယ်စဉ်အခါကမျှ စိတ်မကူးကြပေ။ ဥပမာအားဖြင့် အေးအေးသိန်းတို့က စတီးဝပ်ဂရိမ်ဂျာလို ဇာတ်လိုက်မျိုးကို ကြိုက်၏။ ပီတာလောဖို့ဒ်တို့လို ဇာတ်လိုက်မျိုးကို ကြိုက်၏။ ကြည်ကြည်ဝေ

mgyoe.com

mgyoe.com



ကတော့ စပင်ဆာတရေစီကြီးကို ကြိုက်နေသည်။ အက်ဒွက်ဂျီ ရော်ဘင်ဆင်ကြီးကို ကြိုက်သည်။

အဲဒီတော့လည်း အကြိုက်ချင်း မတူကြသည်နှင့်အမျှ အတူသွားလာ၍ ဘယ်လိုနည်းနှင့်မျှ မရ။ ကြည်ကြည်ဝေက ရုပ်ရှင်ကားတစ်ကားကို ကောင်းသည်ဟုဆိုလျှင်ပင် အေးအေးသိန်းတို့သည် ထိုရုပ်ရှင်ကားကို မကြည့်ရန် ဆုံးဖြတ်လိုက်ကြပြီး ဖြစ်၏။ သူကောင်းလျှင် လူတိုင်းက ကြောက်ကြသည်။ သူက ကောင်းသည်ဟုဆိုသော ဇာတ်ကားများမှာလည်း ရန်ကုန်တွင် သုံးရက်ထက် ပို၍ ပြသရသော ဇာတ်ကားများ မဟုတ်ကြပေ။

အရိပ်ပြပွဲမကြည့်သည့် အချိန်အခါများမှာတော့ ကြည်ကြည်ဝေသည် ကျောင်းခန်းနှင့် သူ့အခန်းများမှာသာ ရှိနေတတ်၏။ တစ်ခါတစ်ရံမှသာ ညနေခင်းဘက်များတွင် လမ်းလျှောက်ထွက်တတ်၏။ အဲဒီတော့လည်း ကြည်ကြည်ဝေတွင် အပေါင်းအသင်းနည်းပါးနေခြင်းမှာ အံ့စရာမကောင်းသော အကြောင်းတစ်ကြောင်းသာ ဖြစ်လာခဲ့၏။ အထူးသဖြင့် ကြည်ကြည်ဝေတွင် ယောကျ်ားလေးမိတ်ဆွေ နည်း၏။ ယောကျ်ားလေးမိတ်ဆွေများကလည်း ကြည်ကြည်ဝေလို ရှုနှာရှုံ့ကုန်းမလေးတစ်ယောက်ကို အပေါင်းအသင်း မိတ်ဆွေဖွဲ့လိုကြသည် မဟုတ်ပေ။

မိန်းမချင်းကပင် ကြည်ကြည်ဝေကို အဖက်လုပ်လိုစိတ် မရှိလှ။ ဒါကလည်း ကြည်ကြည်ဝေသည် အထက်တန်းစား ကျောင်းသူတွေလို မာန်မာနရှိသောကြောင့် မဟုတ်။ တကယ်ကတော့ ကြည်ကြည်ဝေမှာ သိမ်သိမ်မွေ့မွေ့နှင့် အပြောအဆို ယဉ်ကျေးသူတစ်ဦး ဖြစ်၏။ လူတကာအပေါ်၌လည်း သူကသာ သည်းခံတတ်၏။ သို့စဉ်လျက်နှင့် ခက်သည်မှာ ကြည်ကြည်ဝေသည် လူမှန်းသူမှန်း မသိတတ်လောက်အောင် ရိုးအလွန်းခြင်း ဖြစ်ပေသည်။

mgyoe.com

mgyoe.com


သူတို့အခန်းတွင် မယ်သစ်လွင် သုံးဦး ရှိကြ၏။ မာမာ၊ ကြည်ကြည်ဝေနှင့် ဘောဘီတို့ ဖြစ်ကြ၏။ အခန်းတွင်း၌ ခုတင်သုံးလုံးရှိသည့်အနက် ကြည်ကြည်ဝေက တစ်ဖက်တွင် အိပ်၍ မာမာက တစ်ဖက်တွင် အိပ်၏။ ဘောဘီကတော့ အလယ်ခုတင်ကို ယူသည်။

ဤကဲ့သို့ နေထိုင်ခဲ့သည့်အထဲတွင် မာမာသည် အငယ်ဆုံးဖြစ်၏။ အမှန်ကတော့ မာမာ၏အသက်သည် ဆယ့်ခြောက်နှစ်တင်းတင်း ပြည့်ခဲ့သေးသည်ပင် မဟုတ်ပေ။ တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုစဉ်က အသက်ကိုလိမ်၍ စာရင်းသွင်းနိုင်ခဲ့သောကြောင့်သာ မာမာသည် တက္ကသိုလ်ဝင်စာမေးပွဲကို တတိယဆင့်မှ အောင်မြင်ခဲ့ပြီးနောက် ခုလို တက္ကသိုလ်ကျောင်းသို့ လာရောက်နိုင်ခဲ့ခြင်းဖြစ်၏။ မာမာသည် သူတို့အခန်းတွင် အငယ်ဆုံးကျောင်းသူလည်း ဖြစ်ပေသည်။

ကြည်ကြည်ဝေကတော့ မာမာ့ထက် နှစ်နှစ်လောက် ကြီး၏။ စာလည်း တော်၏။ မာမာက ရာဇဝင်၊ အပိုမြန်မာစာနှင့် လောဂျစ်ကို ယူသော်လည်း ကြည်ကြည်ဝေကတော့ ဆရာဝန်လမ်းကိုလိုက်ရန် ဘိုင်အိုကို ယူ၏။ သူတို့သုံးဦးအနက် အကြီးဆုံးကတော့ ဘောဘီသာ ဖြစ်သည်။

ဘောဘီ ဆိုတာကတော့ နှစ်ဆယ်ကျော်လောက် ရှိပြီဖြစ်၏။ ရုပ်ရည်အားဖြင့် ပြောပလောက်အောင် ပြောစရာမရှိသော်လည်း အမောက်ထောင်ထောင်၊ ပါးနီနီဖြင့် ယောကျ်ားတကာ တပ်မက်လောက်အောင် သူ့ကိုယ်ကို သ နေတတ်သူတစ်ဦး ဖြစ်၏။ စာအကြောင်း ပေအကြောင်းကို နည်းနည်းလေးမျှ ပြောတတ်သူတစ်ဦး မဟုတ်။ ကောလိပ်ကျောင်းသို့ လာရောက်ခြင်းမှာ သူ့အတွက် လင်ရှာလာသလို ပေါ့ပေါ့ဆဆ ရှိလွန်းလှ၏။ ထွက်သွားချင်သည့်အခါ သွား၍ ပြန်လာချင်သည့်အခါတွင်မှ ပြန်လာ၏။ ဘယ်သူ့ကိုမှလည်း အရေးစိုက်ချင်စိတ်

mgyoe.com

mgyoe.com


မရှိ။ ဘယ်သူ့ကိုမှလည်း အရေးပေးချင်သည့်သဘော မရှိ။

သူ့အဖေမှာ နယ်ဘက်က ရဲဝန်ထောက်တစ်ဦး ဖြစ်သည်ဟု မာမာတို့က သိထား၏။ ကြည်ကြည်ဝေ၏ ဖခင်မှာလည်း နယ်ပိုင်ဝန်ထောက်တစ်ယောက်ပင် ဖြစ်သည်။ အခန်းထဲတွင် မျက်နှာမရှိသော ဖခင်အကြောင်းကို မပြောဝံ့သူကတော့ မာမာတစ်ယောက်သာ ဖြစ်၏။ မာမာ၏ဖခင်မှာ လခ သုံးရာနီးနီးလောက်သာ ရရှိသော ရုံးအုပ်ကလေးတစ်ယောက် ဖြစ်ပေသည်။

အေးအေးသိန်းတို့၊ ကစ်တီတို့ ဆိုတာကတော့ စီနီယာအတန်းကြီးသူတွေ ဖြစ်၏။ မာမာနှင့် ပတ်သက်၍သာ သူတို့အခန်းသို့ ဝင်ထွက်သွားလာနေသူတွေလည်း ဖြစ်၏။ မာမာစ၍ ရောက်လာသောအခါ သူတို့ကို မာမာက မိတ်ဆွေဖွဲ့ရ၏။ သူတို့ကလည်း ရုပ်ရည်သနားကမား ရှိ၍ ကလေးတစ်ယောက်နှင့် အလားသဏ္ဍာန်တူသော ချစ်စရာကောင်းသည့် မာမာ့အပေါ်၌ မေတ္တာသက်ဝင်ကာ အဘက်ဘက်က အကူအညီပေးခဲ့ကြ၏။ ထိုသို့ အကူအညီပေးနိုင်လောက်အောင်လည်း သူတို့သည် ကျောင်းဆောင်တွင် ကြမ်းပိုးမလေးများအဆင့်သို့ ရောက်နေကြပြီ ဖြစ်ပေသည်။

"မာမာတော့ ပြောင်းမှာပဲ"

မာမာက ကစ်တီတို့နှစ်ယောက် ဝိုင်းချော့ကြသည့်တိုင်အောင် မကျေမနပ် ဖြစ်နေသေး၏။ ဘောဘီမှာလည်း လည်ရာပတ်ရာမှ ပြန်လာသည့်တိုင်အောင် အခန်းသို့ ပြန်လည်ရောက်လာခြင်း မရှိသေးပေ။ အေးအေးသိန်းတို့ကတော့ ဤအကြောင်းကိစ္စကို ဘောဘီနှင့် တော့တော့ဆိုင်ဆိုင် ပြောပြလိုက်လျှင် ရှင်းလင်းပြေလည်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ထားမိကြ၏။ ဘာပဲပြောပြော ဘောဘီသည် ယခုနှစ်မှ ကျောင်းသို့ ရောက်ရှိလာသူ ဖြစ်ခြင်းကြောင့် သူတို့ပြောပြမည့် စကားများကို

mgyoe.com

mgyoe.com


နားမထောင်လိုသည့်တိုင်အောင် လက်ခံစဉ်းစားလိမ့်မည်ဟု ယုံကြည်ထားမိ၏။ ဝါကြီးသူ ပြောဆိုဆုံးမသည့်စကားကို ဝါငယ်သူက လိုက်နာရရိုးလည်း သူတို့ကြားတွင် အစဉ်အလာအရ ရှိခဲ့ဖူးပေသည်။

သူတို့က ဘေဘီကို စောင့်နေကြ၏။ ခဏကြာလျှင်ပင် ဟောလ်ကျူတာဆရာမသည် လူစစ်ရန် လာရောက်တော့မည်ဖြစ်၏။ ဒါပေမဲ့ ဘေဘီကိုတော့ သူ့အခန်းတွင် တွေ့ရလိမ့်မည် မဟုတ်။ ဘေဘီသည် လူစစ်ချိန်တွင် သူ့အခန်း၌ ဘယ်အခါမျှ စောင့်စားနေထိုင်ခဲ့ခြင်းလည်း မရှိ။ စည်းကမ်းဆိုတာကိုလည်း ဘေဘီသည် အကြောင်းရှာ၍ ဖောက်ဖျက်လေ့ရှိ၏။ အဆောင်မှူးကပင် ဘေဘီကို တစ်ကြိမ်သောအခါက "ပုလိပ်သမီးပီပီ အကြောင်းပြချက် အပြကောင်းတဲ့ ကောင်မလေးပဲ" ဟု ထင်မြင်ချက် ပေးခဲ့ဖူး၏။ ဘေဘီသည် အဲဒီလောက်ပင် လည်သည်။

ခုလည်း အေးအေးသိန်းတို့က စောင့်စားနေသည့်တိုင်အောင် ဘေဘီသည် ပြန်လည်ရောက်ရှိလာခြင်းမရှိ။ သို့ကြောင့်လည်း အေးအေးသိန်းက မာမာ့ကို စိတ်ကျေနပ်အောင်သာ ချော့ခဲ့ရ၏။

"ကိုင်း... ကိုင်း ဟိုဟာ ဒီဟာတွေကို ပြောမနေနဲ့တော့၊ မမသိန်းတို့ကို ချစ်တယ် မဟုတ်လား၊ ချစ်ရင် မမသိန်းတို့ ပြောစကားကို နားထောင်ရမယ်။ သူ့ကိုစိတ်ဆိုးရင် ခုတစ်ရက် နှစ်ရက်မှာ သူနဲ့စကားမပြောနဲ့ ဟုတ်လား။ နောက်တော့မှ မမသိန်းတို့ ကြည့်ပြီး အခန်းပြောင်းသင့် ပြောင်းရအောင် ဝါဒင်နဲ့ ပြောပေးမယ်။ ဒါမှမဟုတ်ရင်လည်း ဟိုဘက်က အညိုလေးနဲ့ အခန်းချင်းလဲနိုင်အောင် စီစဉ်ပေးမယ်"

ကြည်ကြည်ဝေကတော့ သူတို့အားလုံး၏ မျက်နှာလေးများကို လှည့်ပတ်၍ ကြည့်နေရှာ၏။ မာမာကလည်း နောက်ဆုံးတွင်မှ ခေါင်းညိတ်ရှာ၏။ ဟောလ်ကျူတာဖြစ်သူ ဆရာမ လာရောက်၍ လူစစ်သောအခါ အေးအေးသိန်းတို့သည် သူတို့အခန်းသို့ ပြန်လည်သွားရောက်ကြ

mgyoe.com

mgyoe.com


၏။ မာမာကလည်း သူ့မှတ်စုစာတစ်အုပ်ကို စိတ်မပါဘဲ ဖမ်းဆွဲ၍ ဖွင့်လိုက်မိ၏။ မာမာသည် အောက်ခန်းသို့ပင် ဆင်း၍ ထိုနေ့ညက စာမဖတ်တော့။ ဘေဘီလာသောအခါ၌လည်း ဘေဘီ့ကို စကား တစ်ခွန်းမျှ လှမ်းမပြောတော့ဘဲ ခြင်ထောင်ကို ဆွဲချ၍ အိပ်ပစ်လိုက်၏။ ကြည်ကြည်ဝေကမူ တစ်ကျောင်းလုံး အိပ်မောကျလောက်ချိန်တွင်မှ မီးကို ငြိမ်းလိုက်လေသည်။

* * *

## (၃)

မာမာသည် တစ်ရက်နှစ်ရက်အတွင်း၌ပင် ကလေးတစ်ယောက် လို စိတ်ထားပြောင်းလာပြန်၏။ ကလေးတစ်ယောက်၏ ရွှင်မြူးခြင်းကို ရှုမြင်ရသည်မှာလည်း နှစ်လိုဖွယ်ရာပင် ဖြစ်ခဲ့၏။ မာမာက မပြောင်းမီ ပင် ဘေဘီက အရင် အခန်းပြောင်းသွားသောကြောင့် အေးအေးသိန်းတို့ မှာ မသိမသာကြည့်ကာ မာမာ့အတွက် သက်ပြင်းများ ချခဲ့ရ၏။ မာမာ လေးတစ်ယောက် ဤကဲ့သို့ အားရကျေနပ်သည်ကိုလည်း သူတို့က ကျိတ်၍ ဝမ်းသာနေမိကြလေသည်။

အမှန်ကတော့ ဘေဘီနှင့် အခန်းချင်း ပြောင်းလာသူမှာ ကြည် ကြည်ဝေနှင့် အမြဲမပြတ် တွဲနေလိုသည့် ကြည်ကြည်ဝေလို ကျောင်းသူ တစ်ယောက် ဖြစ်ခဲ့၏။ အပေါင်းအသင်း နည်း၏။ စကားနည်း၏။ အားအားရှိလျှင် စာအကြောင်း ပေအကြောင်းကိုသာ ဆွေးနွေးပြောဆို လိုသည့် ကျောင်းသူမျိုးလည်း ဖြစ်ခဲ့၏။ သူ့ကို တွေ့မြင်လိုက်ရခါမှ ဤလူ့လောကတွင် ကြည်ကြည်ဝေထက် ပို၍ ဆိုးရွားသော မိန်းကလေး မျိုးသည် ရှိပါသေးသလားဟု တွေးဆစရာ ဖြစ်လာ၏။ ညိုညိုသည် ရုပ်ရှင်အကြောင်းကိုပင် ပြောတတ်သူတစ်ဦး မဟုတ်ခဲ့ပေ။

mgyoe.com

mgyoe.com


ညိုညိုတစ်ယောက် ရောက်လာခါစကတော့ မာမာမှာ စိတ်အပျော်ကြီး ပျော်မိ၏။ ဘောဘီနှင့် မျက်နှာချင်းမဆိုင်ရလျှင်ပင် သူကလည်း ကျေနပ်ပြီ ဖြစ်ပေသည်။ ဘောဘီကဆိုလျှင် သူ့ကို လူရာပင်သွင်းလိုသည် မဟုတ်။ ညိုညိုကျတော့ ကြည်ကြည်ဝေလိုပင် တန်းတူထားကာ ဆက်ဆံနိုင်ခွင့်ရခဲ့၏။ အဲဒါကိုပင် မာမာကလည်း ကျေနပ်သည်။

ဘောဘီကတော့ ထမင်းဝိုင်းကိုပါ နေရာရွှေ့လိုက်၏။ ဘောဘီသည် သူနှင့် စရိုက်ချင်းတူသူများရှိရာသို့ သွားရောက်ပေါင်းစပ်နေထိုင်၏။ ဘောဘီတို့အစုတွင် ခြောက်ယောက်လောက်ရှိမည်လား မပြောတတ်။ သူတို့အားလုံးသည်ပင် ဘောဘီလို အတန်းအစားများ ဖြစ်ကြ၏။ သူတို့ကို ဝိဇ္ဇာအထက်တန်းတွင် နှစ်အတန်ကြာအောင် ကျောက်ချ၍ နားနေသော မြမြခင်က ဦးစီးခေါင်းဆောင်၏။ အဖွဲ့ဝင်တစ်ဦး တိုးလာသောအခါ သူတို့အပိုင်းတွင် အတော်လေး ပို၍ ဆူအားကောင်းလာကြောင်း တွေ့ရပေသည်။

သူတို့လမ်းကို သူတို့ထွင်ကာ လုပ်ချင်ရာ လုပ်နေကြခြင်းအတွက်တော့ မာမာတို့က ဘာကိုမျှ ပြောစရာမရှိ။ မာမာသည် သည်လူသိုက်ကို မျက်နှာချင်း မဆိုင်ရလျှင်ပင် စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် နေသာထိုင်သာ ရှိလောက်ပြီဖြစ်၏။ ဘယ်သူပင် ဘယ်လောက်ဆိုးဆိုး သူ့အား ဖုတ်လေသည့်ငါးပိ ရှိသည်ဟူ၍ပင် သဘောမထားသော ဘောဘီ ထက်တော့ တော်လိမ့်မည်ဟုလည်း သဘောပိုက်ပြီး ဖြစ်ခဲ့၏။ ဒါကြောင့်လည်း သူ့ဖေဖေလာရောက်သော နေ့ကဆိုလျှင် မာမာသည် သူ့စိတ်ထဲတွင် မကျေမနပ်ဖြစ်ခဲ့ရသော အကြောင်းကိစ္စများကို ဘာတစ်ခုမျှ မပြောဘဲ နေနိုင်ခဲ့ခြင်းဖြစ်၏။ သူက သူ့ဖေဖေကို အင်းလျားလမ်းထိပ်အထိပင် လိုက်၍ ပို့လိုက်မိပေသည်။

ဒါပေမဲ့ အင်မတန် ရယ်စရာကောင်းသောအဖြစ်တစ်ခုကို မာမာ

mgyoe.com

mgyoe.com


သည် ထိုနေ့က တွေ့ကြုံခဲ့ရ၏။ ကျောင်းဆောင်သို့ သူပြန်ရောက်လာသောအခါ အဆောင်မှူးက သူ့ကို လှမ်းခေါ်၍ မေးမြန်းနေ၏။

"ဟဲ့... ကောင်မလေး၊ ခုနကဟာ ဘယ်သူလဲ"

"ဖေဖေပါ မမ၊ မာမာ့ ဖေဖေပါ"

မာမာက အဆောင်မှူးကို ဝမ်းသာအားရပင် ရှင်းလင်းပြောပြ၏။ ဒါပေမဲ့ အဆောင်မှူးကလည်း မာမာ့ကို သင်္ကာမကင်းဖြစ်ဟန်ဖြင့် ထပ်၍သာ မေးနေ၏။

"ဒါ ညည်းအဖေ ဟုတ်လား"

"ဟုတ်တယ် မမရဲ့၊ မာမာ့ဖေဖေပေါ့"

"ဖအေနဲ့ သမီးလားဟယ်၊ လမ်းမပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲပြီး လျှောက်ကြတာ"

"သြော်... မမက မာမာ့လက်ကိုဆွဲပြီး လမ်းလျှောက်လို့ အံ့သြနေသလား၊ ဖေဖေက မာမာ့ကို သိပ်ချစ်တာ မမရဲ့"

မာမာက ပြောပြောဆိုဆိုပင် အပေါ်ထပ်သို့ တက်ပြေးလာခဲ့၏။ အဆောင်မှူးကလည်း သူ့နောက်ကျောလေးကိုသာ ပျောက်ကွယ်သွားသည်အထိ လိုက်ကြည့်နေမိ၏။ သူကလည်း နားရှိ၍သာ ကြားလိုက်ရခြင်းဖြစ်သည်ဟု ယုံကြည်မိ၏။ အမှန်ကတော့ မာမာ၏အဖေဆိုသူကို အဆောင်မှူးသည် ဘယ်လိုလုပ်၍မျှ ယုံကြည်၍မရ။

သူ့အခန်းသို့ ပြန်မရောက်မီမှာပင် မာမာသည် အေးအေးသိန်းကို တွေ့ရပြန်၏။ အေးအေးသိန်းကလည်း အဆောင်မှူးလို အမေးမျိုးကို မေးပြန်၏။

"ဟေ့... မာမာ ခုနကဟာ ဘယ်ကလဲ"

"ဖေဖေလေ၊ မာမာ့ ဖေဖေပေါ့၊ မမသိန်းတို့နဲ့တောင် မိတ်ဆက်ပေးမလို့ လိုက်ရှာကြည့်သေးတယ်။ မမသိန်းတို့က ဘယ်သွားနေလို့လဲ"

mgyoe.com

mgyoe.com


အေးအေးသိန်းက မာမာ့အခန်းထဲအထိ ပြန်လိုက်လာခဲ့၏။ ပြီးမှ မာမာ၏ ခုတင်စောင်းတွင် ဝင်ထိုင်ကာ မာမာ၏ မျက်နှာလေးကို အကဲခတ်သလို စူးစိုက်၍ ကြည့်မိပြန်သည်။

"ကောင်မလေး မှန်မှန်ပြောနော်၊ မမသိန်းကိုတော့ မညာနဲ့"

အဲဒီတော့မှလည်း မာမာက အေးအေးသိန်း၏မျက်နှာကို ဆတ်ခနဲ လှမ်းကြည့်လိုက်မိ၏။

အဲဒီတော့မှလည်း မာမာသည် သူတို့တစ်တွေ၏ သဘောကို ရိပ်စားလိုက်မိခြင်း ဖြစ်ပေသည်။

"ဘာလဲ မမသိန်း၊ အဖေပါလို့ ပြောတာကို ဘာထင်နေကြလို့လဲ"

မာမာက ပြုံးတူးကြောင်တောင်ကလေး မေးလိုက်သောကြောင့် အေးအေးသိန်း၏ မျက်နှာသည်ပင် တစ်မျိုးဖြစ်သွားမိ၏။

"ဘာမှထင်လို့ မေးတာ မဟုတ်ဘူးကွယ်၊ မမသိန်း ပြန်လာတော့ ကားပေါ်ကနေ တွေ့ခဲ့မိလို့ပါ။ မာမာနဲ့ တွဲလျှောက်သွားတာကို ဘယ်သူ ဘယ်ဝါရယ်လို့မှ မမေးရဘူးလား"

"ဖေဖေ ဖေဖေ မာမာ့ဖေဖေ၊ အဲဒါ ဘာဖြစ်သလဲ"

"မာမာ့ဖေဖေက ဒီလောက်တောင် ငယ်သလား"

"ဘယ်သူက ငယ်တယ်ပြောလို့လဲ၊ ဖေဖေ့အသက်ဟာ သုံးဆယ့်လေးနှစ် ရှိပြီ"

"သုံးဆယ့်လေးနှစ်..."

"အေးအေးသိန်းကပင် အံ့ဩနေမိ၏။ သုံးဆယ့်လေးနှစ်ဆိုတော့လည်း ဘာမျှကြီးသေးသော အရွယ်မဟုတ်။ လူကြီးသူကြီးတွေက ဆိုလျှင် လူတစ်ယောက်သည် လေးဆယ်မတိုင်မီ လူတစ်ယောက် မဖြစ်သေးဟု ပြောစမှတ်ပြုကြ၏။ သုံးဆယ့်လေးနှစ်ဆိုတော့လည်း ငယ်ငယ်လေးပဲ ဖြစ်ပေသည်။

mgyoe.com

mgyoe.com


"မာမာတို့ သားအဖ နှစ်ယောက်ကလည်းကွယ် ပြောလို့သာ ကြားလိုက်ရတယ်၊ ယုံနိုင်စရာတောင် မရှိပါလား"

"ဘာဖြစ်လို့ မယုံရတာလဲ၊ ကိုယ့်အဖေမို့ ကိုယ့်အဖေပါလို့ ပြောနေတာပဲဥစ္စာ"

မာမာက ဒေါသသံဖြင့်ပင် ပြောလိုက်မိ၏။ ထိုအခါတွင်မှ အေးအေးသိန်းကလည်း မသိမသာပြုံးရာက "မသိလို့မေးတာပဲ စိတ်ဆိုးစရာလိုက်လို့ မာမာရယ်" ဟု ခပ်ဆတ်ဆတ်လေး ပြောလိုက်ရလေသည်။

အဲဒီတော့မှ မာမာကလည်း အေးအေးသိန်းအပေါ်၌ အားနာသွားဟန်တူ၏။

"မဟုတ်ပါဘူး မမသိန်းရယ်၊ ခုနကလည်း အပေါ်ကို တက်လာတော့ ဝါဒင်က မာမာ့ကို ဆီးမေးနေတယ်၊ ဟဲ့ကောင်မလေး၊ ခုနကဟာ ဘယ်သူလဲတဲ့"

"အင်းလေ... သူကလည်း မသိလို့ မေးကြည့်တာဖြစ်မှာပေါ့"

"မသိလို့ မေးတာဆိုရင် ကိစ္စမရှိပါဘူး။ ခုတော့ သူမေးတာက မသင်္ကာသလိုကြီး"

"သြော်... ဒါကတော့ကွယ် မသင်လည်း မသင်္ကာစရာကြီးကို"

မာမာက သူထိုင်နေသည့် ကုလားထိုင်ဘက်မှနေ၍ အေးအေးသိန်းကို လှည့်ကြည့်မိပြန်၏။ အေးအေးသိန်းကလည်း အကျိုးအကြောင်းကို ခပ်သွက်သွက် ရှင်းလင်းပြောပြလိုက်ရလေသည်။

"သူက ငယ်ငယ်လေးကို မာမာရဲ့၊ မာမာနဲ့တောင် မတိမ်းမယိမ်းလိုဖြစ်နေတော့ အကြောင်းမသိကြတဲ့ လူတွေက ဒီလိုပဲ ထင်ကြလိမ့်မပေါ့"

"အို... ဖေဖေဟာ မငယ်ပါဘူးလို့ ပြောနေမှပဲ။ ဖေဖေ့အသက်ဟာ သုံးဆယ့်လေးနှစ် ရှိပြီ။ မယုံရင် နောက်တစ်ခေါက်လာမှ ကိုယ်တိုင်

mgyoe.com

mgyoe.com


မေးကြည့်ပေါ့"

"ယုံပါတယ်၊ ဒါပေမဲ့ ဒီလိုအရွယ် ယောကျ်ားတစ်ယောက်မှာ ဒီလိုအရွယ် သမီးလေးတစ်ယောက် ရှိတယ်ဆိုတာကို အံ့သြလွန်းလို့ ပြောနေတာပါ"

အဲဒီတော့မှလည်း မာမာက အေးအေးသိန်း၏ သဘောမှန်ကို ရိပ်စားမိလာ၏။ အေးအေးသိန်းသည် သူ့အဖေ နုနေခြင်းကို အံ့သြရာက ဤအကြောင်းကိစ္စကိုသာ ပြောဆိုနေခြင်းလည်းဖြစ်၏။ သည်လို ဆိုတော့လည်း အေးအေးသိန်းကို မာမာသည် ဒေါသဖြစ်စရာအကြောင်း မရှိတော့ပေ။

"ဟုတ်တယ် ဖေဖေက သိပ်နုတာ မမသိန်းရဲ့၊ လူတိုင်း လူတိုင်း က ဒီအတိုင်း ပြောကြတယ်။ တချို့ကဆိုရင် ဖေဖေ့ကို နောက်ထပ်မိန်းမ ယူဖို့တောင် ပြောကြတယ်။ ကိုယ်ငယ်ငယ်လေး ရှိသေးတာပဲ၊ နောက် ထပ်မိန်းမတစ်ယောက် ယူပေါ့လို့လည်း လာပြီး စပ်ကြသေးတယ်"

"ဟုတ်သားပဲ၊ သူ့လို အသက်အရွယ်မျိုးနဲ့ဆိုရင် မိန်းမတစ် ယောက်ကို ရဖို့ မခဲယဉ်းပါဘူး"

"အို... ဒါပေမဲ့ မမသိန်းက ဖေဖေ့ကိုမှ ကောင်းကောင်းမသိသေး ဘဲ။ နောက်တစ်ခါလာမှ မမသိန်းနဲ့ ဖေဖေ့ကို မိတ်ဆက်ပေးဦးမယ်။ ဖေဖေက မိန်းမတွေနဲ့ အဆက်အဆံ သိပ်လုပ်ချင်တာ မဟုတ်ဘူး။ ဖေဖေဟာ ဘုန်းကြီးလိုပဲ"

အေးအေးသိန်းက အသံထွက်လောက်အောင်ပင် ရယ်လိုက်မိ၏။

"မိန်းမတွေကို အဆက်အဆံမလုပ်ချင်တဲ့ လူတစ်ယောက်နဲ့ မိတ်ဆက်ပေးလို့ကော ဘာလုပ်ဖို့လဲ၊ မလုပ်ပါနဲ့တော်၊ တော်တော်ကြာ မာမာပါ အပြစ်ဖြစ်ပြီး စိတ်ဆိုးခံနေရပါဦးမယ်"

အေးအေးသိန်းက ထိုင်ရာမှ ထကာ အခန်းပြင်သို့ ထွက်ခဲ့မိ၏။

mgyoe.com

mgyoe.com



မာမာ၏ အခန်းပေါက်ဝဩပင် ကစ်တီနှင့် မျက်နှာချင်းဆိုင်မိပြန်သော ကြောင့် အေးအေးသိန်းက "ဘယ့်နှယ်လဲ" ဟု မေးလိုက်ရ၏။

"ကိုယ် ရှုံးတယ်၊ သုံးပွဲစလုံး ကိုယ် ရှုံးတယ်"

ကစ်တီသည် ဒါကိုပဲ ပြောပြီးနောက် သူ့ ဘက်(တ်)မင်တန်ရက်ကက်လေးကို လက်ထဲတွင် ဝှေ့ယမ်းရင်း အခန်းဘက်သို့ ပြန်လျှောက်သွား၏။ အေးအေးသိန်းကလည်း ကစ်တီ၏နောက်ကျောလေးကို ငေးကြည့်နေမိပြန်လေသည်။

ကစ်တီကတော့ ကျန်းမာရေးကို အတော်ပင် လိုက်စားသူဖြစ်၏။ ကစားခုန်စားခြင်းကိုလည်း ဝါသနာပါ၏။ ကျောင်းကပြန်လာလျှင် ကျောင်းအောက်သို့ အဝတ်အစားလဲပြီးနောက် ပထမဦးဆုံး ရောက်လာတတ်သူမှာလည်း ကစ်တီပင် ဖြစ်၏။ သူကပင် ဘတ်စကက်ဘော ကစားဖို့ လူစု၏။ သူပင်လျှင် ဘက်(တ်)မင်တန် ကစားကြအောင် ဦးဆောင်လှုံ့ဆော်၏။ သို့မဟုတ်ပါကလည်း အောက်ခန်းသို့ဆင်းကာ တစ်ခုခုကို အပျင်းပြေ ကစားတတ်သည်။

အေးအေးသိန်းသည် ကျောင်းအောက်ဘက်သို့ ဆင်းလာခဲ့မိလေသည်။ ထို့နောက် တောင်ဘက်တန်း အဆောင်များဘက်သို့ လျှောက်လာခဲ့မိ၏။ တောင်ဘက်တန်းအဆောင်များဘက်သို့ ရောက်ရှိရန်အတွက်လည်း အဆောင်မှူး၏ရုံးခန်းကို ဖြတ်ကျော်သွားရ၏။ ထိုအခါ ရုံးခန်းဝတွင် ခေတ္တခဏ ထွက်ရပ်နေဟန်တူသော အဆောင်မှူးနှင့် အေးအေးသိန်းမှာ မျက်နှာချင်း ဆိုင်မိကြ၏။

"ဘယ်သွားမလို့လဲ သိန်းသိန်း"

"မပြုရီတို့ အခန်းကို ခဏပါ မမ"

"လာစမ်းပါဦး ခဏလောက်"

အဆောင်မှူးက ခေါ်သောကြောင့် အေးအေးသိန်းသည် ရုံးခန်း

mgyoe.com

mgyoe.com


တွင်းသို့ ဝင်လိုက်သွားရ၏။ အဆောင်မှူးကလည်း သူ့စားပွဲရှေ့ရှိ ကုလားထိုင်တွင် ထိုင်ရန် နေရာပေး၏။ ပြီးမှ မာမာ့အကြောင်းကို မေးသည်။

"မာမာလေးကို သိန်းသိန်း ကောင်းကောင်း သိတယ်မဟုတ်လား"

"သိပါတယ် မမ၊ ဘာဖြစ်လို့လဲ"

"သူ့မှာ ယောကျ်ားလေးမိတ်ဆွေတွေ ဘာတွေ ရှိလား"

"မသိဘူး၊ အဲဒီလောက်တော့ ကျွန်မ မသိဘူး၊ ဘာဖြစ်လို့လဲ၊ ဘာများ ကြားမိလို့လဲ"

"ညနေတုန်းက လူတစ်ယောက်နဲ့ လမ်းလျှောက်သွားတာကို မြင်လိုက်မိလို့ပါ"

ထိုအခါတွင်မှ အေးအေးသိန်းက ပြုံးကာ "သူ့အဖေပါ မမရဲ့" ဟု ဖြေရှင်းလိုက်ရ၏။ "ကျွန်မလည်း မြင်လိုက်ပါတယ်"

"သိန်းသိန်းက သူ့အဖေကို သိလို့လား"

"ဟင့်အင်း၊ သိတော့ မသိပါဘူး"

"မသိရင် သူ့အဖေပါလို့ ဘယ့်နှယ် ပြောနိုင်တာလဲ"

"သူ ပြောပြတာပဲ၊ ခုပဲ သူ့အခန်းက ပြန်လာတာ။ ကျွန်မလည်း မသင်္ကာတာနဲ့ သူ့ကို မေးကြည့်မိတယ်။ သူပြောတာပဲလေ၊ သူ့အဖေပါ တဲ့ မမရဲ့"

"မမ မေးတော့လည်း ဒီအတိုင်းပဲ ပြောသွားတယ်။ ဒါပေမဲ့ လူက သိပ်ကြီးသေးတာ မဟုတ်ဘူး"

အေးအေးသိန်း၏စိတ်မှာလည်း ဇဝေဇဝါ ဖြစ်သွားမိ၏။ မာမာ ပြောပြသော စကားများအတွက် မာမာ၏အခန်းမှအထွက်တွင် ယုံကြည်စိတ် ထားခဲ့မိသော်လည်း အဆောင်မှူးက ဤသို့ ပြောပြန်သောအခါ မာမာ့အပေါ်၌ ပို၍ကြီးမားသော သံသယမျိုး ထားရှိလာမိပြန်၏။

"ဒါတော့ မပြောတတ်ဘူး မမ။ ဒါပေမဲ့ သူပြောတာကတော့

mgyoe.com

mgyoe.com


သူ့အဖေတဲ့။ အဖေမဟုတ်ဘဲနဲ့တော့လည်း အဖေလို့တော့ မပြောပါဘူး ထင်ပါရဲ့ မမရယ်"

"ကျောင်းကတော့ မဟုတ်ဘူးထင်တယ်။ ကျောင်းသားဂိုက်လည်း မဟုတ်ဘူး"

အဆောင်မှူးက စဉ်းစားပြောပြန်သောအခါ အေးအေးသိန်းသည် ခပ်စောစောက မာမာနှင့်အတူ လမ်းပေါ်တွင် တွေ့ခဲ့ရသော လူကို ပြန်ပြောင်းမှန်းဆနေမိ၏။

"ကောင်မလေးဟာ ချစ်စရာလေး သိန်းသိန်း" ဟု အဆောင်မှူးက သူ့ထင်မြင်ချက်အကြောင်းကို ပြောပြ၏။ "သိန်းသိန်းတို့ကလည်း ကိုယ့်ညီမလေးတစ်ယောက်လို စောင့်ကြည့်ကြပေါ့ကွယ်။ ပြောစရာရှိလည်း ပြော၊ ဆိုစရာရှိလည်း ဆိုပေါ့။ မတော်တာတွေ့ရင်လည်း မမတို့ကို လာတိုင်ပါ။ အပေါင်းအသင်းမကောင်းရင် သူ့ခမျာ ငယ်ငယ်ရွယ်ရွယ်နဲ့ ရည်မှန်းချက်မရောက်မှာကို မမ စိုးရိမ်လွန်းလို့ပါ"

အဆောင်မှူး၏စကားကို နားထောင်ရင်းပင် အေးအေးသိန်းသည် အဆောင်မှူး၏စေတနာကို မှန်းဆနေမိ၏။

"မမတို့က လူတိုင်းလူတိုင်းကို တစ်ယောက်စီ စောင့်ကြည့်ချင်ပါတယ်ကွယ်။ ဒါပေမဲ့ လူနှစ်ရာ့ငါးဆယ်လောက်ရှိတဲ့ ကျောင်းသူတွေ အားလုံးကို မမတို့ငါးယောက်နဲ့ ဘယ်လို အကွက်စေ့အောင် ကြည့်နိုင်ပါ့မလဲ။ ပြီးတော့လည်း မမတို့ပြောတာကို ကြိုက်ချင်မှ ကြိုက်တတ်ကြတာ။ ဒါတွေကိုလည်း သိန်းသိန်းတို့ အသိပဲ"

အေးအေးသိန်းက အဆောင်မှူးကိုပင် ကရုဏာသက်စွာ ငေးကြည့်နေမိရှာ၏။

"ဟုတ်ပါတယ် မမ၊ ကျွန်မတို့လည်း ကိုယ် တတ်နိုင်တာကိုတော့ ကိုယ် ကြည့်ပါတယ်။ မာမာ့ကိုဆိုရင်လည်း အမြဲစောင့်ကြည့်နေတာ

mgyoe.com

mgyoe.com


ပါပဲ။ တလောကတောင် ဘေဘီနဲ့ ဖြစ်ကြတော့မလို ဖြစ်နေတာနဲ့ ကျွန်မပဲ ပြေပြစ်သွားအောင် ဝင်စီစဉ်ပေးလိုက်ရသေးတယ်"

"အင်း... အင်း၊ အဲဒါကိုလည်း ဆရာမ ဒေါ်ခင်မြင့်က ပြောလို့ ကြားရတယ်၊ အဲဒါက ဘာဖြစ်တာလဲ"

"ဘေဘီက ထမင်းဝိုင်းကို အရင်ဦးအောင် သွားသွားပြီးတော့ ဟင်းတွေကို အကုန်စားစားပစ်လို့တဲ့ မမရယ်"

"အင်း ဒီကောင်မလေးကလည်း တော်တော်ဆိုးဟန်တူတယ်။ ဟုတ်တယ်လေ၊ တစ်ယောက်တစ်ဝက်စားဖို့ ပေးထားတဲ့ဥစ္စာ။ တစ်ယောက်တည်းက အသားဖတ်ချည်း ရွေးရွေးစားနေတော့လည်း ကျန်တစ်ယောက်က ဘယ်လိုလုပ်ပြီး ခံချင်မှာတဲ့လဲ။ ဒါပေမဲ့ အဲဒီအထိ လည်း မမတို့က လိုက်ပြောမနေနိုင်ဘူးကွယ်။ ဒါလောက်ကတော့ ကိုယ့်ဟာကိုယ် နားလည်မှုနဲ့ စီစဉ်ကြမှပေါ့။ ငယ်ကြတော့တဲ့ အရွယ်တွေမှ လည်း မဟုတ်ကြတော့ဘဲနဲ့၊ ဒီအထိ ပြောနေရရင် ဘယ်ကောင်းတော့မှာလဲ"

"စ ဖြစ်တာတော့ တော်တော်ရယ်စရာကောင်းတယ် မမ။ ဘူးသီးဟင်းချိုကို ဘေဘီက ဘူးသီးဖတ်ချည်းပဲ ရွေးစားသွားလို့တဲ့"

"အင်းလေ ကြည့်ပြီး အဆင်ပြေအောင် ပြောပါကွယ်။ မမတို့ကိုလည်း တတ်နိုင်သမျှ ဝိုင်းဝန်းကူညီကြပါ။ မမတို့ဆီက လိုအပ်တဲ့ အကူအညီမျိုးကိုလည်း အချိန်မရွေးလာပြီး တောင်းကြပါ။ မမတို့ကိုလည်း အစ်မအရင်းအချာလို သဘောထားကြပါ ညီမရယ်"

* * *

(၄)

ဤကဲ့သို့ ကြီးမားသော စေတနာမျိုးဖြင့် တတ်နိုင်သမျှ ကျောင်း

mgyoe.com

mgyoe.com



သူများအပေါ်၌ အမြဲမပြတ် စောင့်ရှောက်ကြည့်ရှုလျက်ရှိသော ကျောင်းဆောင်တစ်ဆောင်၏အမည်မှာ ရန်ကုန်မြို့တွင်သာမက တစ်ပြည်လုံးတွင်ပါ ဟိုးဟိုးကျော်ကြားလျက်ရှိ၏။

အင်းလျား

အင်းလျား၏အမည်မှာ သက်ကြီးသက်ရွယ်များ နှုတ်ဖျား၌ပင် သီးနေ၏။ လူငယ်လူရွယ်တွေ ပါးစပ်ဖျားသို့လည်း ရောက်ရှိနေ၏။ ပညာတတ်တိုင်းက အင်းလျားကိုသိကာ အင်းလျားနှင့်ပတ်သက်သော ဒဏ္ဍာရီပုံပြင်လေးများအကြောင်းကို ပြောကြားတတ်ကြ၏။ ဟုတ်တာတွေလည်း ပါ၏။ စိတ်ကူးယဉ်များလည်း ပါ၏။ ဒါပေမဲ့ လူတိုင်းသည်ပင် အင်းလျားကိုသိကာ အင်းလျားအကြောင်းကို မပြောတတ်ကြသည့်တိုင်အောင် ကြားဖူးနားဝ ရှိနေတာကတော့ အမှန်ပင်ဖြစ်၏။

ကောလိပ်ကျောင်းသို့ မရောက်ကြသေးသော ကျောင်းသူလေးများက ဆိုလျှင် ကောလိပ်ကျောင်းကို တက်ရောက်ခွင့်ရကြလျှင် အင်းလျားကျောင်းဆောင်တွင် နေထိုင်မည်ဟု စိတ်ကူးယဉ်အိပ်မက် မက်တတ်ကြ၏။ အင်းလျားကိုလည်း နတ်နန်းနိဗ္ဗာန်လို မျှော်မှန်းတတ်ကြ၏။

လူငယ်လူရွယ်တွေကလည်း ကောလိပ်ကျောင်းသို့ ရောက်သည်ဟု ဆိုသည်နှင့် တစ်ပြိုင်နက် အင်းလျားကျောင်းဆောင်ရှေ့ကို လှည့်ပတ်ကြည့်ရှုတတ်ကြ၏။ အကြောင်းရှာ၍လည်း အင်းလျားကျောင်းဆောင်၏ ဧည့်ခန်းကို ဝင်ရောက်လာတတ်ကြ၏။ ဘုန်းကြီးများကပင် လာရောက်ကြည့်ရှုကြသည်။ အင်းလျားဆိုတာကလည်း နာမည်ကြီးပေသကိုး။

မြမြခင်သည် ရင်ကိုကော့ကာ မော့ထွက်လာခဲ့လေသည်။ ညနေဘက် သုံးနာရီခွဲအချိန်မှစ၍ ဤအင်းလျားသို့ ဧည့်သည်များ လာရောက်နိုင်ခွင့်ရှိပေရာ လေးနာရီသာသာလောက် အချိန်အခါတွင် အင်းလျား

mgyoe.com

mgyoe.com



ကျောင်းဆောင်သည် လူစည်ကားသော နေရာဌာနတစ်ရပ် ဖြစ်လာခဲ့ပြီ ဖြစ်၏။ ကျောင်းသားပေါင်း မြောက်မြားစွာတို့သည် ကျောင်းဆောင်ရှေ့ အင်းလျားလမ်းမပေါ်ဝယ် လူးလာပြန်လျက် ရှိကြ၏။ အင်းလျား၏ ဝင်းပေါက်ကိုလည်း မစဲနိုင်အောင် သွားလာဝင်ထွက်လျက်ရှိကြ၏။ ဆင်ဝင်အောက်တွင်လည်း ကျောင်းသားများမှာ မတွေ့ရသေးသောသူတို့ အတွက် အိမ်ရှင်ကို စိတ်ရှည်လက်ရှည် စောင့်စားနေကြ၏။ အချို့က လည်း ခုမှ အလောတကြီးလာရောက်ကာ ဒရဝမ်ကို မျက်နှာချိုသွေး၍ သူတို့တွေ့လိုသော အမျိုးသမီးကို ခေါ်ပေးပါရန် မျက်စမျက်နှနှင့် အချက်ပေးကြ၏။ ဒါပေမဲ့ စည်းကမ်းကတော့ အင်းလျားသို့ရောက်လာ လျှင် ဧည့်သည်စာအုပ်တွင် လက်မှတ်ရေးထိုးရမည်သာ ဖြစ်ပေသည်။ တွေ့လိုသူ ကျောင်းသူ၏အမည်၊ ထိုကျောင်းသူနေထိုင်သော အခန်း အမှတ်၊ လာရောက်တွေ့ဆုံသူ၏ နာမည်၊ နေ့စွဲ စသည်တို့ကို အပြည့် အစုံ ဖော်ပြရေးသားရမည်ဖြစ်၏။ ထိုသို့ ရေးသားပြီးခါမှ ဒရဝမ်လုပ်သူ က ဧည့်သည်တော် တွေ့ဆုံလိုသည့် ကျောင်းသူကို သွားရောက်ခေါ်ငင် ပေး၏။ အဲဒါက အင်းလျား၏စည်းကမ်းပဲ ဖြစ်ပေသည်။

ဒါပေမဲ့ စည်းကမ်းဆိုသည်မှာ စာရွက်ပေါ်တွင် တင်၍ထားသော မှတ်ချက်မျှသာ မဟုတ်ပါလား။

တချို့ကျောင်းသားများမှာ နေ့စဉ်နေ့တိုင်း အချိန်မှန် လာနေပြန် တော့လည်း ဒရဝမ်လုပ်သူမှာ ဘယ်သူ့ကို လာရောက်တွေ့ဆုံသည်ဟု မှတ်မိနေပြီဖြစ်၏။ အချို့ကလည်း တာဝန်ထမ်းဆောင်နေသော အလုပ် သမားတစ်ယောက်ကို ဖျက်ဆီးကာ သူတို့လိုလားချက်အတိုင်း ဖြစ် မြောက်စေရန် စနစ်ဟောင်းက နည်းလမ်းဟောင်းတွေကို အသုံးပြုတတ် ကြ၏။ သူတို့က ဒရဝမ်ကို မုန့်ဖိုးပဲဖိုးပေး၏။ အကြောင်းအပေါင်း သင့်တိုင်း ဆွေမျိုးသားချင်းလို တရင်းတနှီး ခေါ်ခေါ်ပြောပြောလုပ်၏။

mgyoe.com

mgyoe.com



ရည်မှန်းချက်ကတော့ တစ်ချက်တည်းအတွက် ဖြစ်သည်။ သူတို့လာရောက်တိုင်း၊ လာရောက်တိုင်း ဒရဝမ်က သူတို့နှင့်ပတ်သက်ရာ ကျောင်းသူကို လွယ်လင့်တကူ ခေါ်ပေးရန်ပင် ဖြစ်ပေသည်။

ဒရဝမ်၏အလုပ်မှာ ညနေစောင်းတွင်မှ တကယ်များ၏။ နေ့စဉ်နေ့တိုင်း လာရောက်တတ်ကြသော ဧည့်တစ်ရာကျော်လောက်အတွက်လည်း အင်းလျားတစ်ဆောင်လုံးကို နှံ့စပ်လောက်အောင် သွားချည်၊ ပြန်ချည် လုပ်ရတတ်၏။ တစ်ခေါက်တစ်ခေါက်ကို အခန်းလေးငါးခန်းသို့ သွားရောက်ကာ စာအုပ်ကို ထိုးပြရတတ်၏။ ကနေ့တော့ မာမာ၏အမည်သည် စာအုပ်ထဲသို့ ရောက်ရှိလာ၏။ ဒရဝမ်သည် မာမာ့အခန်းပေါက်ဝဝယ်ရပ်ကာ စာအုပ်ကို ထိုးပြလေသည်။

ညိုညိုက စာအုပ်ကို ထကြည့်၏။ ထို့နောက် မာမာ့အား လာရောက်တွေ့ဆုံသူ၏အမည်ကို သေသေချာချာ ကြည့်ရှုမှတ်သားလိုက်၏ ။

"အောင်သူ"

"မာမာ မရှိဘူး၊ လမ်းလျှောက်ထွက်သွားတယ်လို့ ပြောလိုက်"

ဒရဝမ်သည် မာမာတို့အခန်းမှ တစ်ဖန် အခြားသော အခန်းများကို အေးအေးဆေးဆေးပင် သွားရောက်နေ၏။ သူကလည်း သူ့ဘက်ကနေ၍ သူ့သက်သာမှုကို ကြည့်ရဦးမည်ဖြစ်၏။ မြန်မြန်လျှောက်ပြော၍ မြန်မြန်ကိစ္စပြီးသွားလျှင် သူသည် အောက်ထပ်တွင် နောက်ထပ်လာရောက် စောင့်စားနေသူများအတွက် နောက်ထပ်တစ်ခါ ပြန်တက်လာရဦးမည်သာဖြစ်၏။ အဲဒီတော့လည်း နှေးနှေးသွားနိုင်ပါမှ သူ့အတွက်တွက်ခြေရှိ၏။ မြန်မြန်သွားပါလျှင် သူ့အတွက် နောက်တစ်ခေါက် ပြန်လာရမည့်အချိန်မှာ တိုတောင်းလွန်းလှမည် ဖြစ်ပေသည်။

"ဒီမှာ ခင်ဗျာ..."

mgyoe.com

mgyoe.com



ဆင်ဝင်အောက်သို့ မရောက်မီပင် လူတစ်ယောက်က မြမြခင်ကို လှမ်း၍ခေါ်၏။ မြမြခင်ကလည်း ရဲရဲတင်းတင်းပင် လှည့်၍ကြည့်၏။

"ရှင်..."

"ဒီမှာ ခင်ဗျာ၊ မာမာတစ်ယောက် မရှိဘူးလား"

"ဘယ်က မာမာပါလဲ"

မြမြခင်က သူ့အား မေးမြန်းနေသူကို ခြေဆုံးခေါင်းဆုံး ခပ်ရဲရဲ ကြည့် အကဲခတ်နေမိ၏။

"ဒီနှစ်ရောက်တဲ့ ဖရက်ရှာပါပဲ ခင်ဗျာ၊ အပေါ်ထပ်မှာ နေပါတယ်"

"ဩော် ဟို မာမာ ငယ်ငယ်လေးဟာလား"

အဲဒီတော့မှ မြမြခင်က သဘောပေါက်ဟန်ဖြင့် ပြောလိုက်မိ၏။

"ခပ်စောစောလေးတင်ကပဲ ထွက်သွားတာ တွေ့လိုက်တာပဲ"

ညို့သည်၏မျက်နှာမှာ သိသိသာသာ ပျက်သွား၏။ လူရွယ် သည် တစ်စုံတစ်ခုကို မျှော်လင့်ကိုးစားနေဟန်လည်း တူပေသည်။

"သူ ဘယ်အချိန်လောက် ပြန်လာမှာလဲ ခင်ဗျာ"

မြမြခင်က အနောက်တိုင်းဆန်ဆန်ပင် ရဲရဲနီသော သူ့နှုတ်ခမ်း လေးတွေကို ရွဲ့၍ ပြုံးလိုက်မိ၏။

"အို... ဘယ်သိပါ့မလဲရှင်။ ကျွန်မနဲ့ မာမာဟာ ပတ်သက်ဖူးတာမှ မဟုတ်ဘဲ။ နောက်တစ်ခါတွေ့ကြမှ သူ လမ်းလျှောက်ထွက်သွားရင် ဘယ်အချိန် ပြန်လာတတ်တယ်ဆိုတာကို မေးထားပေါ့"

မြမြခင်၏အပြောမှာ လေးနက်သောအသွင်မျိုးကို ဆောင်နေ၏။ မိန်းကလေးတစ်ယောက်ကို လာရောက်တွေ့ဆုံသော ယောကျ်ားတစ် ယောက်အား ခနဲ့လိုသော စကားနှင့်လည်း တူ၏။ ဒါကို အကဲခတ် မိဟန်တူသော ညို့သည်က တစ်ဖက်သို့ လှည့်သွားရန် ဟန်ပြင်နေသော မြမြခင်ဘက်သို့ တိုးကပ်သွားမိ၏။

mgyoe.com

mgyoe.com


"ဒီမှာ ခင်ဗျာ၊ သူပြန်လာရင် တစ်ဆိတ်ကျေးဇူးပြုပြီး ပြောပေးစမ်းပါ"

သည်လိုဆိုပြန်တော့လည်း မြမြခင်က သူ့ခေါင်းကို စွဲ့စောင်း၍ ပြုံးကာ ခေါင်းကို ညိတ်လိုက်မိ၏။ ယောကျ်ားတစ်ယောက်၏ အမှာစကားကို နားထောင်ရခြင်းသည် မိန်းကလေးတစ်ယောက်၏အကြောင်းကို သိရှိနိုင်ခွင့်ရရှိခြင်းပင် မဟုတ်ပါလော။

"သူ့အဖေ လာမှာသွားတယ်၊ စနေနေ့ကျရင် အိမ်ကို ပြန်လာဖြစ်အောင် ပြန်လာပါလို့"

"ဟုတ်ကဲ့ရှင်၊ ဒါပေမဲ့ ဘယ်သူက ဒီစကားကို လာပြောတယ်လို့ ပြောလိုက်ရမလဲ"

မြမြခင်က ရဲရဲဝံ့ဝံ့ပင် ပြန်မေး၏။ သူကတော့ မာမာ့ထံသို့ လာရောက်သောလူရွယ်ကို ဘယ်သူဘယ်ဝါရယ်လို့သာ သေသေချာချာ သိလိုက်လိုခြင်းဖြစ်ပေသည်။

"သူ့အဖေကိုယ်တိုင် လာပြောတယ်လို့ ပြောပါခင်ဗျာ"

"ဟုတ်ပါတယ်။ သူ့အဖေလာမှာတယ်ဆိုတာ သိပါပြီ။ ဒါပေမဲ့ အခု ဒီကိုလာပြီး ဘယ်သူက ပြောသွားတယ်ဆိုတာကို သိချင်လို့ မေးနေတာပါ"

"ခင်ဗျာ..."

ညှို့သည်က မြမြခင်၏စကားကို နားမလည်နိုင်ဟန်ဖြင့် ငေးမောနေမိ၏။ မြမြခင်ကလည်း ကျောင်းသားတစ်ယောက်နှင့် စကားပြောနေသော ကျောင်းဆရာမတစ်ယောက်၏ လေသံမျိုးဖြင့် ထပ်၍ရှင်းလိုက်ရ၏။

"ရှင့်ကို မေးနေတာရှင့်။ ရှင် လာပြောတယ်ဆိုတဲ့အကြောင်းကို မာမာ့ကို ပြန်ပြောချင်လို့ မေးနေတာ"

mgyoe.com

mgyoe.com


"ဩော်..."

အဲဒီတော့မှဘဲ ညွှ်သည် ပြုံးလာ၏။ "အောင်သူလို့ ပြောပါ ခင်ဗျာ၊ အောင်သူ လို့ ပြောပါ"

ပြီးမှ ကိုအောင်သူက မြမြခင်ကို ပို၍ ရှင်းသွားအောင် သူ့စကားကို ဆက်လက်ပြောဆို၏။ "ကျွန်တော်ဟာ သူ့အဖေပါခင်ဗျာ၊ မာမာဟာ ကျွန်တော့်သမီးပါ"

မိန်းမသားတစ်ဦး၏ စိတ်တွင်းသန္တာန်ဆိုတာကလည်း သည်လို နေရာမျိုးမှာတော့ သိသာထင်ရှားလွန်းလှ၏။ အရာခပ်သိမ်းကို ပေါ့ပေါ့ ဆဆသာ အမြဲတမ်း ယူဆခဲ့ဟန်တူသော မြမြခင်၏ မျက်လုံးအစုံမှာ လည်း အံ့စရာကောင်းလောက်အောင် တစ်မုဟုတ်ချင်း ပြုံးကျယ်လာ၏။ မြမြခင်သည် ဦးအောင်သူကို မျက်နှာမလွှဲဘဲ အတန်ကြာလောက်အောင် စူးစိုက်နေမိလေသည်။

"မာမာ့အဖေ"

မြမြခင်၏အသံသည်ပင် ပြောင်းလဲသွား၏။ မယုံကြည်နိုင် လောက်အောင် အံ့သြသွားရာမှလည်း မြမြခင်သည် ဦးအောင်သူအား သက်ကြီးရွယ်ကြီးတစ်ဦးလို အသိအမှတ်ပြုလိုက်ရာက ရိုသေကိုင်းရှိုင်း လိုသော လေသံမျိုး ပြောင်းလဲလာခဲ့၏။

"ဟုတ်ပါတယ်၊ ကျွန်တော်က မာမာ့အဖေပါ"

"မာမာ ဝေးဝေးကို သွားမှာ မဟုတ်ပါဘူးရှင်၊ ဒီနားတစ်ဝိုက်မှာ တင် ရှိမှာပါပဲ၊ ကျွန်မ ရှာပေးပါ့မယ်"

မြမြခင်သည် ဦးအောင်သူကိုပင် အတိုင်းထက်အလွန် အားနာ နေမိဟန်ဖြင့် ထိုနေရာမှ ခပ်သွက်သွက်လေး ထွက်သွားမိ၏။ "ဒီကပဲ စောင့်နေပါ။ ကျွန်မ သွားရှာပေးပါ့မယ်"

မြမြခင်သည် တင်းနစ်ရိုက်ကွင်းနှစ်ကွင်းနားသို့ သွားရောက်ရှာဖွေ

mgyoe.com

mgyoe.com


၏။ မာမာသည် တစ်ခါတစ်ခါတွင် တင်းနစ်ရိုက်ကစားသည်ကို သွားရောက်ကြည့်ရှုတတ်ပေရာ ထိုနေ့ကလည်း တင်းနစ်ကစားနေကြသောနေရာတွင် မာမာ ရှိပေလိမ့်မည်ဟု ထင်ယောင်မိ၏။ ဒါပေမဲ့ မာမာ့ကိုတော်တော်နှင့် ရှာဖွေ၍မတွေ့။

စိတ်ပျက်ကာ ပြန်လာသော အချိန်အခါမျိုးတွင်မှ အင်းလျားလမ်းဘက်က ကြည်ကြည်ဝေနှင့်အတူ ပြန်လျှောက်လာနေသော မာမာ့ကိုတွေ့လိုက်ရ၏။ ဆင်ဝင်အောက်တွင် ရပ်စောင့်နေသော ဦးအောင်သူကလည်း မြမြခင်လိုပင် မာမာ့ကို မြင်လိုက်မိသည်သာ ဖြစ်၏။ ဒါပေမဲ့မြမြခင်က အရင် မာမာရှိရာသို့ ခပ်သွက်သွက်ကလေး လျှောက်သွားမိ၏။

"ဟော့... မာမာ ဘယ်သွားနေသလဲ။ ဟိုမှာ မာမာ့ဖေဖေ လာနေတယ်"

မာမာက သူ့အဖေဆီသို့ ကလေးတစ်ယောက်လိုပင် ပြေးလာ၏။ ထို့နောက် သူ့အဖေကို အဆောင်မှူးရုံးခန်းသို့ ခေါ်ဆောင်သွား၏။ အဆောင်မှူးကလည်း ဦးအောင်သူကို ကောင်းမွန်စွာ ဆီးကြိုကာ အကြောင်းကိစ္စ ထွေထွေထူးထူးရှိ မရှိကို မေးမြန်းလေသည်။

"ပြည်က သူ့အဒေါ်တစ်ယောက် ရောက်လာမယ်ဆိုလို့ လာပြီး အကြောင်းကြားတာပါပဲ ဆရာမ။ စနေနေ့ကျရင် သူ့ကို အိမ်ပြန်ခွင့်ပေးပါ။ တနင်္လာနေ့ကျရင် ကျွန်တော်ကိုယ်တိုင် သူ့ကို ပြန်ပို့ပေးပါ့မယ်"

"ပြန်နိုင်ပါတယ်၊ ပြန်နိုင်ပါတယ်။ ခုလို ဖအေကိုယ်တိုင် လာခေါ်တာတော့ အကောင်းဆုံးပေါ့။ ဒါမှမဟုတ်ရင်လည်း ဘယ်အမျိုးအဆွေတွေအိမ်ကို သွားရောက်လည်ပတ်ခွင့် ပေးပါဆိုတဲ့အကြောင်းကို စာရေးပေးထားနိုင်ပါတယ်။ လူကြီးတွေ ဒီလိုခွင့်ပေးထားတဲ့ အိမ်တွေကိုလည်း သူတို့တစ်တွေ သွားရောက်လည်ပတ်နိုင်ကြပါတယ်"

mgyoe.com

mgyoe.com


ထို့နောက် အဆောင်မှူးက မာမာ့ကို လိုအပ်သမျှ မှာကြား၏။

"စနေ၊ တနင်္ဂနွေ ခွင့်ယူတဲ့စာအုပ်မှာ သေသေချာချာ လက်မှတ်ထိုးသွားနော်။ ပြန်ရောက်လာရင်လည်း ရောက်တဲ့အချိန် လက်မှတ်ထိုးဖို့ မမေ့နဲ့"

ထိုနောက် ဟိုတစ်နေ့ကလိုပင် မာမာသည် သူ့အဖေကို အင်းလျားလမ်းထိပ်က ကားဆိပ်အထိ လိုက်၍ပို့၏။ အပြန်တွင်မူ မာမာသည် မြမြခင်နှင့် မျက်နှာချင်းဆိုင်ရလေ၏။

"ကိုယ်က တခြားလူ အောက်မေ့လို့ကွယ်၊ လက်စသတ်တော့ မာမာ့အဖေ ဖြစ်နေတာကိုး။ ဒါကြောင့် အားနာပြီး မာမာ့ကို လိုက်ရှာပေးရတာ"

"ကျေးဇူးတင်ပါတယ် မမခင်၊ ကျေးဇူးတင်ပါတယ်"

* * *

## (၅)

သူ့အဖေ လာခေါ်သွားသော နေ့ရက်ကစ၍ မာမာလေးသည် တော်တော် လမ်းသလားကြောင်းကို တွေ့ရ၏။ အေးအေးသိန်းနှင့် ကစ်တီတို့ကပင်လျှင် မာမာ၏ပြောင်းလဲပုံကိုကြည့်၍ မဆုံးနိုင်အောင် အံ့သြနေမိကြ၏။ မာမာသည် အင်မတန် လူကြီးဆန်လာ၏။ ပြောပုံဆိုပုံနှင့် သွားပုံလာပုံကအစ အင်မတန် လူကြီးဆန်လာ၏။

ကြည်ကြည်ဝေနှင့် ညိုညိုတို့ကလည်း မာမာ့အကြောင်းကို ဘာတစ်ခုမျှ ပြောတတ်ကြသည်မဟုတ်။ ခုတလော အောက်ထပ်မှ မြမြခင်သည် မာမာ့အခန်းသို့ မကြာခဏ လာရောက်၏။ မာမာ့ကို ခေါ်၍လည်း မြို့ထဲက ရုပ်ရှင်ရုံတွေကို သွားရောက်ကြည့်ရှုတတ်၏။

"ဒီအပတ်တော့ ကိုသောင်းဖေက မာမာနဲ့ မမခင်နဲ့ နှစ်ယောက်

mgyoe.com

mgyoe.com


တည်းကို ပြချင်တယ်တဲ့။ အိပ်ဆဲလ်ဆီယာကို သွားကြမယ်။ လိုက်မယ် မဟုတ်လား"

"အို... လိုက်မှာပေါ့ မမခင်"

"တစ်ခါတလေများ ငြင်းစမ်းပါတော့ မာမာရယ်"

မြမြခင်က ရယ်နေ၏။ မာမာကလည်း မြမြခင်၏ခါးကို ဆီးပွေ့လိုက်၏။

"ဒါပေမဲ့ မာမာ့ရှေ့မှာတော့ အမြင်မတော်တာတွေ မလုပ်ကြနဲ့နော်၊ မာမာ မျက်စိရှက်ပါတယ်"

"အမယ် ဘာများ လုပ်ဖူးလို့လဲ"

"အရင်တစ်ခါတုန်းက ဘိုင်စကုတ် ပြနေတုန်း မမခင်လက်ကို မှောင်ထဲမှာ သူကိုင်ထားတာ မာမာ တွေ့ပါတယ်"

"ဩော်... ဒါလောက်များကွယ်၊ သူက ဘိုင်စကုတ်ပြတာ မဟုတ်လား။ သူ့မလည်း ရည်ရွယ်ချက်ရှိလို့ ပြတဲ့ဥစ္စာ၊ သူကလည်း အလကား အကြောင်းမဲ့ ကိုယ်တို့အတွက် ငွေကုန်ကြေးကျခံပါ့မလား"

မြမြခင်၏အပြောမှာ ပေါ့ဆလွန်းအားကြီး၏။ ဒါပေမဲ့ မာမာက သူ့စကားကို နားထောင်ရင်းပင် အားရပါးရ ရယ်လိုက်မိ၏။ အမှန်ကတော့ ကိုသောင်းဖေက မြမြခင်လက်တစ်ဖက်ကို ဆွဲကိုင်ခဲ့ကြောင်း သူမြင်ပါသည်ဟု ဆိုသည်မှာ မာမာက မြမြခင်ကို အကြောင်းရှာ၍ စခြင်းသက်သက်သာ ဖြစ်၏။ မြမြခင်ကလည်း ပြုံးပြုံးပင် မာမာ့အစကို ခံ၏။ မာမာပြောတာထက် သူက ပို၍ မဟုတ်မဟတ်ကို ပြော၏။ မြမြခင်နှင့် ပေါင်းရ၊ သင်းရသည်မှာ ပျော်စရာကောင်းလှ၍ မြမြခင်မှာလည်း အင်မတန် ရယ်စရာ၊ မောစရာများကို ပြောတတ်၏။ မာမာကသာ အစ ပထမပိုင်းတွင် အများတကာ ထင်မြင်ယူဆကြသလို မြမြခင်တို့ လူသိုက်အား တော်တော်ဆိုးတဲ့ဟာတွေဟု ထင်ယောင်ထင်မှား ဖြစ်ခဲ့မိခြင်း ဖြစ်

mgyoe.com

mgyoe.com


ပေသည်။ ခုလို ရင်းရင်းနှီးနှီး ပေါင်းသင်းကြည့်တော့လည်း မြမြခင်တို့မှာ ဆိုးလှသော မိန်းမစားများ မဟုတ်ကြပေ။

မြမြခင်တို့အဖွဲ့တွင် ခြောက်ယောက်လောက် ရှိ၏။ အင်းလျားတွင် အဲဒီလို အဖွဲ့ကလေးတွေမှာ အများအပြား ရှိပေသည်။ ကျောင်းကရွေးကောက်ပွဲကိစ္စများတွင် တစ်ဖွဲ့က ဒီအက်စ်အိုကို အားပေး၏။ ကျန်တစ်ဖွဲ့က တိုးတက်ကို အားပေး၏။ အရှေ့ဘက် မျက်နှာစာပိုင်းတွင်နေသူ သန်းသန်းတင် ဆိုလျှင် ကျောင်းကို စတင်ရောက်ရှိလာသည့်နှစ်ကစ၍ တိုးတက်ကျောင်းသားများ၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ်၏။ ယခုတွင်မူ သန်းသန်းတင်သည် အင်းလျားတွင်အတော် နာမည်ကြီးနေပြီ ဖြစ်ပေသည်။

မြမြခင်တို့ လူစုကတော့ အဲဒီ သန်းသန်းတင်တို့ လူစုလောက်လေးလေးနက်နက် ယူဆမှု ရှိကြသည်မဟုတ်။ မြမြခင်တို့လူသိုက်ထဲတွင် သူယုံကြည်ရာကို လေးလေးနက်နက် ယူဆကာ ခွန်စိုက်အားစိုက်လုပ်ကိုင်နေသူမှာလည်း မခင်နုတစ်ယောက်သာ ရှိ၏။ မခင်နုသည်နိုင်ငံရေးကျောင်းသူတစ်ယောက်လိုပင် တက်တက်ကြွကြွရှိ၏။ သူ့တွင်ယုံကြည်မှုရှိ၏။ သဘောတရားရေးနှင့် ယှဉ်၍ တွေးခေါ်ခြင်း ရှိ၏။

အစကတော့ မာမာကပင် သူတို့လူသိုက်ကို အထင်အမြင် သေးခဲ့မိသည်။ လူတကာ ပြောဆိုစွပ်စွဲလေ့ရှိသလို ပေါ့ပေါ့စား၍ ပေါ့ပေါ့နေတတ်သော မိန်းမစားများဟု အထင်မှားခဲ့ဖူး၏။ ယုံကြည်ရလောက်အောင်လည်း အကြောင်းကိစ္စ ပေါ်ပေါက်ခဲ့သည်။ ဘောဘီလို အင်မတန်သူများအညွန့် ခူးစားချင်သော မိန်းမမျိုးက သူတို့အသိုက်အဝန်းတွင်သွားရောက်ပေါင်းစပ် နေထိုင်သည် မဟုတ်ပါလား။

ဒါပေမဲ့ နီးနီးကပ်ကပ် ပေါင်းသင်းရပြန်တော့လည်း မြမြခင်တို့မှာသူကြားဖူးသလောက် ဆိုးရွားသူများ မဟုတ်ကြ။ သူတို့သည် စိတ်ပျော်

mgyoe.com

mgyoe.com


လက်ပျော် နေတတ်ကြ၏။ ပေါ့ပေါ့ဆဆ ပြောတတ်ကြ၏။ ဒါလောက်ကိုသာ ပြောစရာရှိ၏။ လူတကာ ပြောဆိုစွပ်စွဲကြသလို အကျင့်သိက္ခာပျက်ပြားနေသော မိန်းကလေးများမူ မဟုတ်ကြပေ။

အေးအေးသိန်းတို့လူသိုက်ကတော့ မြမြခင်နှင့် သန်းသန်းတင်တို့ လူသိုက်တွေကို ဝိုင်းပယ်ထားကြသည့်အလျောက် မာမာ့ကိုလည်း ထိုလူသိုက်တွေကြားသို့ သွားရောက်နေထိုင်သည်ကို ဘယ်လိုလုပ်၍မှ ကြည့်၍မရ။ သူတို့ကတော့ ခပ်အေးအေးသာ နေထိုင်လိုသူတွေ ဖြစ်ကြ၏။ ကိုယ် ဝါသနာပါရာကိုသာ ကိုယ်လုပ်ကာ အများနှင့် ရှုပ်ရှုပ်ပွေပွေ ဆက်သွယ်ပတ်သက်ခြင်း မလုပ်လိုသူများ ဖြစ်ကြ၏။ သူတို့သည် တာဝန်ကို ကြောက်၏။ အပြစ်ကိုလည်း ကြောက်၏။ ကစ်တီကဆိုလျှင် အားကစားကိုသာ ခုံမင်တွယ်တာ၏။ အေးအေးသိန်းကလည်း ခပ်မှန်မှန် နေတတ်သူတစ်ဦးသာ ဖြစ်ပေသည်။

ဒါကြောင့်လည်း အေးအေးသိန်းသည် မူမမှန်ဘဲ ပြောင်းလဲလာသော မာမာ၏အကြောင်းကို ကြည်ကြည်ဝေတို့ထံမှ မေးမြန်းစုံစမ်းပြီးနောက် အဆောင်မှူးထံ အကြောင်းကြားထားခဲ့ခြင်းဖြစ်၏။ "မာမာ အရင်လို မဟုတ်တော့ဘူး မမ။ စာကိုလည်း အရင်လို အချိန်မှန်မှန် မကြည့်တော့ဘူး။ အပြင်ကို သူ သိပ်ထွက်တယ်။ ကျောင်းချိန်မှာတောင် ဘိုင်စကုတ်တွေ ဘာတွေကို လစ်ကြည့်တယ်"

အဆောင်မှူးက ခေါင်းကို ညိတ်နေမိ၏။ မာမာ့ကိုလည်း သူသည် တစ်နေ့တွင်မူ အေးအေးဆေးဆေး ခေါ်ယူတွေ့ဆုံကာ ဆုံးမစကား ပြောကြားမည်ဟု ဆုံးဖြတ်ထားမိလေသည်။

ဒါပေမဲ့ မာမာတစ်ယောက်ကတော့ ထိုကဲ့သို့သော အချိန်အခါမျိုး ဝယ် အင်းလျားကန်ပေါင်တွင် အဖော်အပေါင်း ကောင်းကောင်းနှင့် လမ်းလျှောက်တတ်ပြီဖြစ်၏။ သူ့ကိုယ်သူလည်း အင်းလျားသူဟူ၍

mgyoe.com

mgyoe.com


ထင်မြင်ယူဆတတ်ပြီဖြစ်၏။ မာမာသည် မြမြခင်ကို အဖော်မပြုဘဲနှင့်ပင် ရုပ်ရှင်ပွဲတွေကို ယောကျာ်းလေးအဖော်များနှင့် လိုက်ပါသွားတတ်ပြီ ဖြစ်၏။ ညနေတိုင်းတွင်လည်း မာမာသည် ကျောင်းမှပြန်လာလျှင် ကမန်းကတန်း ရေချိုးကာ ဒရဝမ် လာအခေါ်ကို အချိန်စောင့်နေတတ်ပြီ ဖြစ်ပေသည်။

"ကိုသောင်းဖေတဲ့ မာမာ"

မာမာသည် လေးကန်ဖင့်တွဲစွာ အခန်းပြင်သို့ ထွက်လာခဲ့လေ သည်။ ကိုသောင်းဖေကို လွန်ခဲ့သည့် နှစ်လလောက်က မာမာသည် မိတ်ဆုံပွဲတစ်ခုတွင် မြမြခင်နှင့်အတူ တွေ့ဆုံခွင့်ရခဲ့၏။ အဲဒီကစ၍ ကိုသောင်းဖေ၏အကြည့်ကို မာမာသည် ခံယူခဲ့ရ၏။ မာမာကလည်း အစပထမတော့ မြမြခင်နှင့် ပတ်သက်နေသူဟု အထင်ရောက်ကာ ပေါ့ ပေါ့ဆဆပင် ပြောဆိုဆက်ဆံခဲ့မိ၏။ နောက်ပိုင်းကျမှ ကိုသောင်းဖေ၏ အကြည့်သည် သူ့အပေါ်၌ စူးရှလွန်းလှသည်ဟု သဘောပေါက်လာ ရ၏။ ကိုသောင်းဖေသည် မာမာ့ကို ညီမလေးတစ်ယောက်လို သဘော ထားပါသည်ဟု နောင်သောအခါတွင် ဖွင့်ဟပြောဆိုလာခဲ့လေသည်။

အဲဒီကစ၍ပင် မာမာ၏ "အစ်ကိုကြီး – ညီမလေးဇာတ်လမ်း" မှာ အစပြုခဲ့၏။ မာမာသည် ညဦးများတွင် သူ့အစ်ကိုကြီး၏မျက်နှာကို မှန်းဆကာ မြင်ယောင်မိ၏။ လသာသော ညအခါများတွင်လည်း သူ့အစ်ကိုကြီး၏လက်ကိုဆွဲကာ မိုးတိုက်တိမ်တောင်ပေါ်အထိ သူတို့ သည် တက်ရောက်ကြ၏။ ရွှေဝါမှုန်တွေ ပက်ဖျန်းထားသော တိမ်တောင် တိမ်လိပ်များပေါ်တွင် အပြေးအလွှား ကစားကြရခြင်းမှာလည်း မောဟိုက် ပင်ပန်းခြင်း မရှိနိုင်လောက်အောင်ပင် အားရကျေနပ်ဖွယ်ရာ ဖြစ်ခဲ့၏။

မာမာသည် ခုမှ ကောလိပ်ကျောင်းသူ ပီသပေသည်။ ရင်ကို ကော့၍လည်း ခုမှသာ လျှောက်တတ်ပေသည်။ မာမာသည် လူတစ်

mgyoe.com

mgyoe.com



ယောက်ကို ပညာတတ်ပီပီ ရဲရဲကြည့်တတ်လာ၏။ လူတစ်ယောက်၏ အမေးကို ခပ်ဆတ်ဆတ် ဖြေကြားတတ်လာ၏။ ညှော်ခံပွဲများသို့ ဦးဆောင်တက်ရဲလာ၏။ မိတ်ဆုံပွဲများသို့လည်း အဖော်အပေါင်းမလိုဘဲ သွားရဲလာ၏။ မာမာ၏အပြောင်းအလဲမှာ မြန်ဆန်လွန်းလှပေသည်။

"ဟော... အစ်ကိုကြီးကလည်း နောက်ကျလိုက်တာကွယ်"

* * *

## (၆)

စနေနေ့ဖြစ်၍ မြမြခင်သည် ပျင်းရိနေမိလေသည်။

ဟိုအရင် ကျောင်းရောက်စ နှစ်များကတော့ မြမြခင်မှာ ဤလို နေ့ရက်များဝယ် မအားမလပ်လောက်အောင် လည်ရပတ်ရတတ်၏။ ကားကြီးတွေကို စီးနိုင်သော ကျောင်းသားများနှင့် ငွေကြေးဖောသီသော ကျောင်းသားများကလည်း မြမြခင်ကိုမှ ရွေး၍ အထူးစပါယ်ရှယ် ဖိတ်မန္တက ပြုတတ်ကြ၏။ မြမြခင်မှာလည်း ကိုယ့်ပစ္စည်းကို အရောင်းရ သွက်သော ဈေးသည်ကဲ့သို့ လက်မလည်နိုင်အောင် ဖြစ်ခဲ့ရ၏။ ဟိုတုန်း ကတော့ မြမြခင်တို့ ဈေးကောင်းလှသည့်နေ့ရက်များ ဖြစ်ခဲ့ပေသည်။

ဒါပေမဲ့ ခုတော့ မြမြခင်တို့၏ နေ့ရက်မဟုတ်။ မြမြခင်တို့၏ အချိန်အခါလည်း မဟုတ်။ မြမြခင်တို့အတွက် ထင်ပေါ်ကျော်ကြားရအပ် သည့် နေ့ရက်သည် ကုန်ဆုံးသလောက် ရှိခဲ့ပြီဖြစ်၏။ မြမြခင်တို့အား ဒူးထောက်တောင်းပန်ကာ အလုပ်အကျွေးပြုလိုကြသည့် လူငယ်လူရွယ် များမှာလည်း ခုအခါ၌ ရောမပုဂ္ဂိုလ်ကြီးများအဖြစ်သို့ ရောက်ရှိကုန်ကြပြီ ဖြစ်၏။ မြမြခင်တို့၏ ကျော်ကြားခြင်းသက်တမ်းမှာလည်း အင်းလျား တွင် သုံးနှစ်လောက်သာ တည်မြဲခဲ့ရ၏။ ခုတော့ မြမြခင်သည် နောက် ရောက်လာသော ကျောင်းသူသစ်လေးများအတွက် သူ့နေရာကို ဖယ်ပေး

mgyoe.com

mgyoe.com



ရမည်လည်း ဖြစ်ပေသည်။

ဒါပေမဲ့ သူ့မာနကတော့ ကျသေးသည်မဟုတ်။ မိန်းမတစ်ဦး၏ မာန်မာနဆိုတာကလည်း ပျောက်နိုင်ခဲလှ၏။ ဒါကြောင့် မြမြခင်သည် ခုထက်တိုင်အောင် ရင်ကိုကော့၍ ခေါင်းကိုမော့ကာ လမ်းလျှောက်နိုင်ခြင်းဖြစ်၏။ အင်းလျားမှာဆိုလျှင် မြမြခင်သည် ဝါအကြီးဆုံးသော ကျောင်းသူတစ်ယောက်ပင် ဖြစ်ပေသည်။

စနေနေ့မို့ မြမြခင်က အဖော်ကို ရှာမိ၏။ ဒါပေမဲ့ ဘယ်ကျောင်းသားကမျှ မြမြခင်ကို အဖော်လုပ်လိုစိတ် မရှိကြ။ နှစ်ဦးပိုင်းက သူ့အနားတွင် လာကပ်နေသော ကိုသောင်းဖေတစ်ယောက်သည်ပင် မာမာ့ကို တွေ့သွားသည့်အခြားမဲ့၌ သူ့ကို သိမ်မွေ့စွာ စွန့်ခွာသွား၏။ ဒါပေမဲ့ ဤကဲ့သို့ သူ့အား စွန့်ခွာသွားရကောင်းလားဟူ၍ မြမြခင်သည် ဘယ်စဉ်အခါကမှ ယောကျ်ားတစ်ယောက်အပေါ်၌ စိတ်ဆိုးလေ့ မရှိ။ အတွေ့အကြုံဆိုသည်မှာ မြမြခင်အတွက် များပြားလှပြီဖြစ်၏။ မြမြခင်သည် ကိုသောင်းဖေလို လူတစ်ယောက်အတွက် ဝမ်းနည်းခြင်းကို မဖြစ်မိရုံမျှမက မာမာလို မိန်းကလေးတစ်ယောက်အပေါ်၌လည်း မနာလိုစိတ်မထားတတ်လောက်အောင် အတွေ့အကြုံ ရရှိခဲ့ပြီဖြစ်၏။ မြမြခင်သည် ဤမျှပင် လွယ်လင့်တကူရှိလှသော မိန်းမစားမျိုး ဖြစ်ခဲ့ပေသည်။

ဒါကြောင့်လည်း မြမြခင်သည် သူ့ဘဝရေ့ရေးအတွက် စိုးရိမ်ကြောင့်ကြခြင်း မရှိတော့ဘဲ လူတကာကို ပေါ့ပေါ့ဆဆ ပြုံးနိုင်ခဲ့ခြင်းဖြစ်၏။ ယောကျ်ားတကာကိုလည်း ခပ်ပေါ့ပေါ့ပင် စောင်းငဲ့၍ ကြည့်ရ၏။ သူသည် ပိုးဟပ်နှင့် ကြွက်ကလေးတွေကိုကြည့်၍ ကြောက်ရွံ့ကောင်း ကြောက်ရွံ့မည်ဖြစ်၏။ သို့ရာတွင် သူသည် ယောကျ်ားတွေကိုတော့ ဘယ်စဉ်အခါကမှ ကြောက်ရွံ့ခဲ့ဖူးခြင်းမရှိပေ။

"ဩော်... မာမာ့ကို လာရှာပါသလား"

mgyoe.com

mgyoe.com



မြမြခင်က ဦးအောင်သူကို ဆီးမေးနေ၏။ ဦးအောင်သူကလည်း မြမြခင်ကို ခင်မင်ရင်းနှီးဟန်ဖြင့် ပြုံးပြရှာ၏။

"ဟုတ်ကဲ့၊ မာမာ့ကို ကျွန်တော် လာကြိုတာပါ ခင်ဗျာ"

"ဟင်... ဒါဖြင့် သူမျှားမေ့သွားပလား မပြောတတ်ဘူး၊ ဒီလို လာခေါ်မယ်ဆိုတာ သူသိတယ်မဟုတ်လား"

"ပြောတော့ မပြောမိဘူး"

ဦးအောင်သူကလည်း သူ့ထီးကို ငုံ့ကြည့်၍ တစ်စုံတစ်ခုကို စဉ်းစားရာမှ ခပ်ဖြည်းဖြည်းပင် ပြောပြမိ၏။ "ဘာဖြစ်လို့လဲ၊ သူ အပြင်ကို ထွက်သွားလို့လား"

"ဟုတ်တယ်၊ အဖော်တွေနဲ့ ဘိုင်စကုတ် ကြည့်ရအောင်ဆိုပြီး လိုက်သွားတာပဲ"

"ဟောဗျာ"

ဦးအောင်သူကိုကြည့်၍ မြမြခင်ကပင် အတော်လေး အံ့သြနေမိ၏။ ဦးအောင်သူကလည်း မြမြခင်ကို သဘောပေါက်အောင် သူ့အဖြစ်ကို ရှင်းပြလိုက်လေသည်။

"သူ ကြည့်ပါစေတော့ဆိုပြီး ကျွန်တော်က ဘိုင်စကုတ် လက်မှတ် ဝယ်လာခဲ့တယ်ဗျာ"

"သြော်... ဖြစ်မှ ဖြစ်ရလေရှင်"

မြမြခင်က တကယ်ပင် ကရုဏာ သက်သွားမိ၏။ မာမာတစ်ယောက် ကိုသောင်းဖေနှင့် ထွက်သွားခြင်းဖြစ်ကြောင်းကို သိလိုက်ရလျှင် ဦးအောင်သူသည် ဤမျှထက်မက ပို၍ ရင်ကျိုးလိမ့်မည်ဖြစ်ကြောင်းကိုလည်း မြမြခင်က သဘောပေါက်ပြီး ဖြစ်၏။ ဦးအောင်သူ၏ မျက်နှာကို ကြည့်ရုံနှင့် စိတ်တွင်းသန္တာန်ကို သိမြင်နိုင်သည်သာလည်း ဖြစ်ပေသည်။

"ကျွန်တော့်ဟာကျွန်တော် ဘယ်တုန်းကမှ ဒီအတန်းက မကြည့်

mgyoe.com

mgyoe.com



ပါဘူးခင်ဗျာ။ သူကြည့်ရအောင်ဆိုပြီး လေးကျပ်တန်းက ဝယ်လာတာ၊ ခုတော့ ငွေရှစ်ကျပ် အလကားဖြစ်နေပြီပေါ့"

အတော်ပင် စေးကပ်မည့် လူတစ်ယောက်ရယ်လို့လည်း သူ့စကားကို နားထောင်ရုံနှင့် သိသာထင်ရှားနေ၏။ အဲဒီတော့လည်း မြမြခင်က စိတ်ထဲမှ ကျိတ်၍သာ ပြုံးလိုက်ရ၏။

"သူမရှိတော့လည်း ကိုယ့်ဟာကိုယ် တစ်ယောက်တည်းပဲ ကြည့်လိုက်တော့ပေါ့ရှင်"

"ကိုယ့်ဟာကိုယ်ကြည့်လည်းပဲ တစ်ယောက်ထဲ ကြည့်နိုင်မှာပေါ့။ ကျန်တဲ့ လက်မှတ်တစ်စောင်က ဘာလုပ်ဖို့လဲ"

မြမြခင်က ဦးအောင်သူ၏မျက်နှာကို အတန်ကြာလောက်အောင် အကဲခတ်နေမိ၏။ ပြီးမှ နောက်သလိုလို ပြောင်သလိုလိုဖြင့် "ကျွန်မ လိုက်ကြည့်မယ်လေ" ဟု ပြုံးစစ မျက်နှာထားမျိုးဖြင့် ပြောလိုက်လေသည်။

"တကယ်ပြောတာလား"

ဦးအောင်သူကလည်း သူ့အပေါ်အင်္ကျီအိတ်ထဲတွင် ထည့်လာသော လက်မှတ်ကလေးတစ်စောင်ကို ထုတ်ရင်း ပြောလိုက်မိ၏။

"ကြည့်မယ်ဆိုရင် ကျွန်တော်နဲ့ လိုက်ကြည့်နေစရာတောင် အကြောင်းမရှိဘူးဗျာ။ လက်မှတ်ကို ယူထားလိုက်ပါ။ အဖော်တစ်ယောက်ခေါ်ပြီး သွားကြည့်ကြပါ"

ဦးအောင်သူက လက်မှတ်ဖြူလေးကို ကမ်းပေးလိုက်ခါမှ မြမြခင်မှာ ဦးအောင်သူအတွက် အတော်ပင် စိတ်ထဲတွင် ကြေကွဲသွားမိ၏။ ဦးအောင်သူမှာ လူကြီးစိတ်ရှိသူတစ်ဦးဖြစ်၍ ရိုးသားဖြောင့်မတ်သူတစ်ဦးလည်း ဖြစ်ရမည်ဟု စိတ်ဝယ် စွဲမှတ်လိုက်မိ၏။

"အလကား ပြောတာပါရှင်။ ကျွန်မပြောမိတာကို ရဲတင်းလွန်း

mgyoe.com

mgyoe.com



တယ်ထင်ရင်လည်း ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မက မာမာ့အဖေဆိုပြီး ရင်းနှီးခင်မင်တဲ့သဘောနဲ့ ပြောမိတာပါ"

မြမြခင်ကပင် တောင်းပန်မိ၏။ ဒါပေမဲ့ ဦးအောင်သူကိုတော့ "ဦးလေး" ဟု ခေါ်ရမလား၊ ဒါမှမဟုတ်လည်း "ဦး" ဟု ခေါ်ရမလား မပြောတတ်။ ဦးအောင်သူမှာ နုနယ်လွန်းသူတစ်ယောက်ဖြစ်သောကြောင့် ကောလိပ်ကျောင်းသူတစ်ယောက်၏ ဖခင်ဟု ဆိုရသည့်တိုင်အောင် "ဦး" တပ်၍ ခေါ်ရမှာ အင်မတန်ခက်သော အရွယ်မျိုးဖြစ်၏။ မြမြခင်တို့လို အရွယ်ရောက်နေသူ မိန်းကလေးတစ်ဦးက "ဦးလေး" တပ်၍ ခေါ်ရက်စရာ အကြောင်းမရှိသော အရွယ်မျိုးလည်း ဖြစ်၏။ ဦးအောင်သူမှာ ပိန်ပိန်လျှလျှနှင့် နွဲ့နွဲ့နှောင်းနှောင်း နေတတ်ထိုင်တတ်သူဖြစ်၏။ အသား လတ်လတ်နှင့် မာမာလို နှာတံပေါ်ပေါ် မျက်ခုံးကောင်းကောင်းဖြစ်၏။

"ကျွန်တော့်ကို ခင်မင်ရင်းနှီးတယ် ဆိုတဲ့အတွက် ကျွန်တော် ကလည်း ဝမ်းသာပါတယ်ခင်ဗျာ" ဟု ဦးအောင်သူက ပြော၏။

"ကျွန်တော်ကလည်း မာမာ့သူငယ်ချင်းတွေကို သိချင်ပါတယ်။ မာမာ့ကို ကိုယ့်ညီမလေးတစ်ယောက်လို သဘောထားပြီး ပြောဆိုဆုံးမ ကြပါလို့ အပ်ချင်ပါတယ်။ မာမာဟာ ငယ်လွန်းပါတယ်ခင်ဗျာ။ ဘာမှ လည်း သိတတ်တဲ့သဘော မရှိသေးပါဘူး။ အိမ်မှာလို လူတကာအပေါ် မှာ နွဲ့ဆိုးဆိုးနေမှာ ကျွန်တော် ပူပါတယ်။ အဲဒါကြောင့် သူ့အပေါင်း အသင်းတွေကို သူ့အပေါ်မှာ သည်းခံကြပါလို့ ဟိုအရင်ကတည်းက ကျွန်တော်က တောင်းပန်ချင်နေတာပါ"

"ကိစ္စမရှိပါဘူးရှင်။ ကျွန်မတို့ကလည်း မာမာ့ကို ကျွန်မတို့ညီမ လေးတစ်ယောက်လို အားလုံးက ဝိုင်းပြီး ချစ်နေကြတာပါ"

ဦးအောင်သူက မြမြခင်ကိုပင် ကျေးဇူးတင်မိသော မျက်လုံးအစုံ ဖြင့် အတန်ကြာအောင် စူးစိုက်နေမိ၏။ ပြီးမှ သူက စွန့်စားလိုသော

mgyoe.com

mgyoe.com


သဘောမျိုးဖြင့် "ဒါဖြင့်ရင်လည်း ဒီလိုလုပ်ပါလား ခင်ဗျာ" ဟု တောင်းပန်ရှာ၏။

"မာမာ့ မိတ်ဆွေတစ်ယောက်ကို မာမာ့လို သဘောထားပြီး ကျွန်တော် ရုပ်ရှင်ပြပါရစေ။ ပိုနေတဲ့ လက်မှတ်တစ်စောင်လည်း အလကားမဖြစ်ရအောင် ကျွန်တော်နဲ့ လိုက်ကြည့်နိုင်မယ်ဆိုရင် လိုက်ကြည့်ပါလားခင်ဗျာ"

သူ့အမူအရာနှင့် သူ့အသံကပင် ဤသည်မှာ သူ၏ကြီးမားသောစွန့်စားမှုတစ်ရပ်မှန်း သိသာလွန်းလှ၏။ အဲဒီတော့မှ မြမြခင်ကလည်း ပြဇာတ်ထဲက လူရွှင်တော်တစ်ယောက်နှင့် တွေ့လိုက်သလို စိတ်ထဲတွင် ကျိတ်ကာ ကျေနပ်လိုက်မိ၏။ သည်လိုလူတစ်ယောက်နှင့် ခေတ္တခဏ တွေ့ဆုံကြုံကြိုက်ရလျှင် အတော်ပျော်စရာ ကောင်းမှာပဲ ဟူ၍လည်း စိတ်ကူးလိုက်မိလေသည်။

"ကောင်းသားပဲ၊ ကျွန်မ အကျီလဲလိုက်မယ်လေ၊ ခဏလေး စောင့်ပါလား"

"စောင့်ပါ့မယ်ခင်ဗျာ၊ စောင့်ပါ့မယ်"

မြမြခင်က အတွင်းဘက်သို့ လှည့်၍ပြေးရန် သူ့ကိုယ်လုံးလေးကို လှည့်လိုက်မိ၏။ ပြီးမှ တစ်စုံတစ်ခုကို သတိရမိဟန်ဖြင့် "ဪ... အထဲက လာထိုင်ပြီး စောင့်ပါလားရှင်" ဟု ပြောလိုက်ရလေသည်။

"အထဲကလာထိုင်ပြီး စောင့်ပါလား"

"ကိစ္စမရှိပါဘူး ခင်ဗျာ၊ ကျွန်တော် ဒီကပဲ စောင့်နေပါ့မယ်"

မြမြခင်သည် အတွင်းဘက်သို့ ခပ်သွက်သွက် လျှောက်ဝင်သွား၏။ ဦးအောင်သူကလည်း ဟိုငေးဒီငေးဖြင့် ရပ်နေမိ၏။ သူ့ကိုကြည့်၍ အေးအေးသိမ်းသည် သက်ပြင်းတစ်ချက်ကို ချကာ သူ့ရှေ့မှ ခေါင်းညွတ်၍ လျှောက်ခဲ့ရ၏။ ပြီးမှ မာမာတို့အခန်းဘက်သို့ လျှောက်လာမိလေ

mgyoe.com

mgyoe.com


သည်။

*   *   *

(၇)

"မမသိန်း၊ မမသိန်း ဒီလ မြဝတီ ဖတ်ပြီးပလား"

ကြည်ကြည်ဝေက မြဝတီကို ကိုင်ထား၏။ အေးအေးသိန်းက လည်း မာမာ၏ ခုတင်ပေါ်မှာသာ ဝင်ထိုင်လိုက်ရ၏။ ကြည်ကြည်ဝေ ကိုတော့ ဘာအဖြေမျှ မပေးမိပေ။

"ကြည်ကြည်ရေးတာ ဒီလ တက္ကသိုလ်ကဏ္ဍမှာ ပါလာတယ်။ မမသိန်း တွေ့ပြီးပလား"

"အင်းပါကွယ်၊ တွေ့ပြီးပါပြီ"

အေးအေးသိန်းက ကြည်ကြည်ဝေ ကျေနပ်စေရန် ပြောလိုက်ရ၏။ ဒါပေမဲ့ အမှန်ကတော့ ဒီလထုတ် မြဝတီကိုပင် စာမျက်နှာစုံလောက် အောင် လှန်လှောကြည့်ရသေးသည် မဟုတ်။

"ကောင်းရဲ့လား မမသိန်း၊ ကြည်ကြည် ရေးလိုက်တာကတော့ မေတ္တာဖွဲ့ပါပဲ။ မေတ္တာရဲ့ လေးနက်ပုံကို စာဖွဲ့ထားတာပါပဲ"

သူ့လို လောကအကြောင်းကို ဘာမှန်းမသိသေးသော မိန်းကလေး တစ်ယောက်က မေတ္တာဖွဲ့ကို ဖွဲ့ဆိုသည်ဟု ဆိုခြင်းအတွက်လည်း အေး အေးသိန်းသည် အတော်ပင် အံ့သြလိုက်မိ၏။ ခါတိုင်းလို အချိန်အခါ မျိုးဆိုရင်တော့ အေးအေးသိန်းသည် အော်ကြီးဟစ်ကြီးပင် ရယ်မိမည် လား မပြောတတ်ပေ။

"မာမာ ဘယ်အချိန်က ထွက်သွားသလဲ ကြည်ကြည်"

အေးအေးသိန်းက သူ စိတ်ပါဝင်စားရာကိုသာ မေးရင်း ကြည် ကြည်ဝေ၏ မျက်နှာကို မကြည့်ဘဲ မေးနေ၏။

mgyoe.com

mgyoe.com



"တစ်နာရီလောက်ကပဲ၊ ဘာဖြစ်လို့လဲ မမသိန်း"

"သူ့အဖေ အောက်မှာရောက်နေတယ်။ သူ့ကို ဘိုင်စကုတ်ပြမလို့ လာခေါ်တာတဲ့"

"ဟင်... ဒါဖြင့် ဘယ့်နှယ်လုပ်ကြမလဲ၊ မာမာက ကိုသောင်းဖေနဲ့ လိုက်သွားတာ"

"ဘာမှလုပ်စရာ မလိုပါဘူး။ ခုလောက်ဆိုရင် ပြန်သွားပြီ ထင်ပါရဲ့"

အေးအေးသိန်းသည် ထိုင်ရာမှထကာ အခန်းပြင်သို့ ထွက်လိုက်မိ၏။ အဲဒီတော့မှ ကြည်ကြည်ဝေကလည်း အေးအေးသိန်းကို မရဲတရဲ လှမ်းခေါ်ပြန်လေသည်။

"ပြန်တော့မလို့လား မမသိန်း"

အေးအေးသိန်းက တံခါးပေါင်ကို လှမ်းကိုင်လိုက်ရင်း နောက်ဘက်သို့ ပြန်လှည့်ကြည့်၏။ ကြည်ကြည်ဝေကလည်း မရဲတရဲပင် အေးအေးသိန်းအနားသို့ တိုးကပ်လာခဲ့မိလေသည်။

"ကိုကြည်ဝင်းကို မမသိန်း သိတယ်မဟုတ်လားဟင်"

အေးအေးသိန်းက ကြည်ကြည်ဝေ၏ မျက်နှာလေးကို အတိုင်းမရှိလောက်အောင် အံ့ဩမိဟန်ဖြင့် အတန်ကြာလောက်အောင်ပင် စူးစိုက်နေမိ၏။ ပြီးမှ ကြည်ကြည်ဝေ့ကို ဘာမျှ အဖြေမပေးဘဲ အခန်းပြင်သို့ ထွက်သွားမိ၏။ ခုတလောမှာ ဒီကောင်မလေးတွေ စု၍ ဘာဖြစ်နေကြပါလိမ့်ဟူ၍လည်း အေးအေးသိန်းသည် စဉ်းစား၍ မရနိုင်လောက်အောင် ဖြစ်သွားမိပေသည်။

ကစ်တီကတော့ သူ့ခုတင်ပေါ်တွင် တက်ရောက်လဲလျောင်းနေ၏။ ကြမ်းပြင်ပေါ်မှာလည်း ကြိုးခွေကို ချထား၏။ ကစ်တီသည် ကြိုးခုန်ရာမှ အနားယူနေခြင်း ဖြစ်လိမ့်မည်ဟု အေးအေးသိန်းက ထင်၏။

mgyoe.com

mgyoe.com


အေးအေးသိန်းသည် အခန်းထိပ်ရှိ စားပွဲမှ ကုလားထိုင်တွင် ဝင်၍ထိုင်ကာ စားပွဲပေါ်၌ တင်ထားသော ဓာတ်ပုံလေးတစ်ပုံကို စူးစိုက်ငေးမော နေမိပြန်လေသည်။

ဓာတ်ပုံလေးမှာ ပို့စ်စကတ်အရွယ်လေးဖြစ်၍ ကျောင်းဖွင့်စက သူတို့လေးဦး အဆွေတော်တွင် သွားရောက်ရိုက်ကူးထားသော ပုံဖြစ်၏။ မာမာနှင့် ကြည်ကြည်ဝေတို့က ခုံရှည်လေးတစ်လုံးပေါ်တွင် ထိုင်နေကြ၍ သူနှင့် ကစ်တီတို့က ဘေးနှစ်ဖက်တွင် ရပ်နေကြ၏။ ကျောင်းဖွင့်စတုန်းက မာမာ၏ရုပ်ကလေးကို ကြည့်ရသည်မှာလည်း ဟိုအရင်အတိတ်ကို ပြန်ပြောင်းတသစရာပင် ဖြစ်ခဲ့ပေသည်။

"ဘာများ တရားကျနေတာလဲ အသိန်း"

ကစ်တီက ဘေးတစ်ဖက်သို့ စောင်းကာ အေးအေးသိန်း၏ အမူအရာကိုကြည့်ရင်း ဤသို့ပင် မေးလိုက်မိ၏။ အဲဒီတော့မှ အေးအေးသိန်းကလည်း ကစ်တီဘက်သို့လှည့်ကာ "မာမာတစ်ယောက်ရယ်ပါ" ဟု ပြောလိုက်ရ၏။

"မာမာ ဘာဖြစ်လို့တုံး"

"သူက ကိုသောင်းဖေနဲ့ လိုက်သွားတယ်လေ။ သူ့အဖေက သူ့ကို လာခေါ်တယ်"

"အေး... ယူက မာမာ့အကြောင်းကိုပဲ ပြောပြောနေ။ ကိုယ်ကတော့ ကိုသောင်းဖေကမှ တော်လိမ့်ဦးမယ် ထင်တယ်။ ဟိုတစ်ယောက်ကတော့ ကိုကြည်ဝင်းနဲ့တဲ့ ဆရာ။ ကိုယ်ဖြင့် သူတို့တစ်တွေ ခုတလော ဘာတွေဖြစ်နေကြတယ် ဆိုတာကိုတောင် မပြောတတ်တော့ပါဘူး"

ကစ်တီကပင် သက်ပြင်းတစ်ချက်ကို ချလိုက်၏။

"အေး... အဲဒါကလည်း ဘာလဲ။ ခုပဲ ကိုယ့်ကိုတောင် သူက မေးလိုက်သေးတယ်။ ကိုကြည်ဝင်းကို မမသိန်း သိတယ်မဟုတ်လားတဲ့။

mgyoe.com

mgyoe.com


အဲဒါ ဘယ်ကိုကြည်ဝင်းကို သူ မေးတာလဲ"

"မြင်းခြံ ကိုကြည်ဝင်းပေါ့။ တလောက သူ့မိန်းမ ဆုံးသွားတယ် ဆိုတဲ့ ကိုကြည်ဝင်းပေါ့"

"ဟင်... ဒီ ကိုကြည်ဝင်းနဲ့..."

အေးအေးသိန်း၏ မျက်လုံးအစုံသည် သိသာလောက်အောင် ပြူး ကျယ်သွား၏။

"ဒီလူဟာ မခင်ဥနဲ့လည်း ဘာလိုလို မဟုတ်လား"

ကစ်တီက ငြိမ်နေ၏။ ပြီးမှ "ကိုယ် သိပါတယ်" ဟု ပြောလိုက် လေသည်။

တစ်ခန်းလုံးမှာ ဆိတ်ငြိမ်သွား၏။ အေးအေးသိန်းကလည်း တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေမိ၏။ ကစ်တီကလည်း ဘာကိုမျှ အကျိုးအကြောင်း နောက်ထပ်ပြောဆိုခြင်း မရှိ။ ကိုကြည်ဝင်း ဟု ဆိုသူမှာ ဒီဂရီကို ရပြီးနောက် နည်းပြဆရာလေးလုပ်ရင်း မဟာဝိဇ္ဇာ ဘွဲ့ကို ရရှိရန် ကြိုးစားနေသူဖြစ်၏။ တလောကမှ သူ့ဇနီးအလှလေး မှာ ရုတ်တရက် မမျှော်လင့်ဘဲ ဆုံးပါးသွား၏။ ရိုးရိုးအေးအေးနေတတ် သော လူတစ်ယောက်ဖြစ်ခြင်းကြောင့်လည်း သူ့အပေါ်၌ ကြင်နာသနား ကာ ကရုဏာသက်နေမိကြသူများမှာ အတော်ပင် ပေါများ၏။ ကိုကြည် ဝင်းမှာ အများ၏မေတ္တာကို လက်ခံယူနိုင်လောက်အောင် အင်္ဂါရပ်များ ဖြင့် ပြည့်စုံသော လူတစ်ယောက်လည်း ဖြစ်ခဲ့ပေသည်။

သူ့အပေါ်၌ သက်ညှာကြင်နာလိုသော သဘောမျိုးဖြင့် မေတ္တာ သက်ဝင်နေကြသော ကျောင်းသူလေးများမှာလည်း အတော်ပင် များများ ရှိပေသည်။ ကိုကြည်ဝင်းကလည်း လူတကာ၏မေတ္တာကို ခံယူရရှိ လောက်အောင် အပြောပါသူတစ်ဦး ဖြစ်၏။ အဘက်ဘက်က စုံလောက် အောင်လည်း ပြောတတ်ဆိုတတ်ခြင်း ရှိ၏။ စာပေကို စိတ်ပါဝင်စားသူ

mgyoe.com

mgyoe.com


နှင့် စာပေအကြောင်းကို ဆွေးနွေးပြောဆိုနိုင်၏။ နိုင်ငံရေး စိတ်ပါဝင်စားသူကို နိုင်ငံရေးဆွေးနွေးနိုင်၏။ လူမှုရေးကို ဆွေးနွေးမလား၊ စီးပွားရေးကို ဆွေးနွေးမလား၊ ယဉ်ကျေးမှုကို ဆွေးနွေးမလား၊ အနုပညာရေးကို ဆွေးနွေးမလား၊ ကိုကြည်ဝင်းသည် အဲဒီလောက်ပင် အဘက်ဘက်က ပြည့်စုံသူဖြစ်၏။

ကိုကြည်ဝင်း၏အမည်သည် အထူးသဖြင့် ဆိတ်ဆိတ်ငြိမ်ငြိမ် နေထိုင်တတ်ကြသော မိန်းကလေးအသိုက်အဝန်းတွင် ယုံကြည်အပ်သည်ထက် ပို၍ကျော်ကြား၏။ တိုးတိုးတိတ်တိတ်နှင့် ထင်ပေါ်ကျော်ကြားခြင်းမျိုးမို့လည်း မကောင်းသတင်းသည် ကျော်ကြားခြင်းမရှိလှ။ ကိုကြည်ဝင်းကို လူအေး သူအေးအဖြစ်သာ လူသိများ၏။ အသောက်အစား၊ အကစားကင်းသော လူတစ်ယောက်အနေနှင့်သာ လူသိများ၏။ ဒါကြောင့်လည်း ရိုးရိုးကုပ်ကုပ်နှင့် အေးအေးချမ်းချမ်း နေထိုင်တတ်ကြသော မိန်းကလေးများက အထူးသဖြင့် ကိုကြည်ဝင်းအပေါ်၌ မေတ္တာထားကြခြင်းဖြစ်၏။ ထိုသို့သော မိန်းကလေးများကဆိုလျှင် ကိုကြည်ဝင်းအပေါ်၌ ကြီးမားသော သက်ညှာကြင်နာခြင်းမျိုးဖြင့် ယုယပိုက်ထွေးထားလိုသည့် သဘောမျိုးပင် ရှိကြပေသည်။

ဘယ်လိုကဘယ်လို စပ်ဟပ်ကာ စတင်တွေ့ဆုံ သိကျွမ်းခဲ့သည် ဟူ၍တော့ မသိ။ အရင့်အရင်ကလည်း ကိုကြည်ဝင်းနှင့် ပတ်သက်သော သတင်းစကားများကို ကြည်ကြည်ဝေထံမှ ကြားသိခဲ့ရခြင်းမရှိ။

ခုမှ မာမာ့အတွက် စိုးရိမ်တကြီးဖြစ်ကြရသော အချိန်အခါမျိုးတွင် ကြည်ကြည်ဝေထံမှ ကိုကြည်ဝင်း ဟူသော အမည်ကို ထုတ်ဖော်ပြောဆိုသံ ကြားသိရခြင်းဖြစ်၏။

အမှန်ကတော့ ဤသို့သော အကြောင်းကိစ္စများနှင့် ပတ်သက်၍ အေးအေးသိန်းနှင့် ကစ်တီတို့တွင် ဘာတာဝန်မျှ ရှိနေသည်လည်း

mgyoe.com

mgyoe.com


မဟုတ်။ သူတို့တစ်တွေမှာ အချိန်တန် အရွယ်ရောက်နေကြသူချည်း ဖြစ်ကြသောကြောင့် သူတို့၏ဘဝကံကြမ္မာကိုလည်း သူတို့ဘာသာ ဖန်တီးနိုင်ကြပြီဖြစ်၏။ သူတို့လမ်းကို သူတို့ ထွင်နိုင်ကြပြီဖြစ်၏။ သူတို့ ခရီးကို သူတို့ သွားနိုင်ကြပြီဖြစ်၏။

"ဖြစ်တော့မှာပေါ့လေ၊ မရွှေကြည်ဆိုတာကလည်း အမြင်ကတ် စရာ ကောင်းလောက်အောင် ရိုးလွန်း အလွန်းတာကိုး"

ကစ်တီက ပြောပြောဆိုဆိုပင် လှဲရာမှ ထလိုက်၏။

"ရိုးတာ အတာနဲ့ ဘာဆိုင်လဲ" ဟု အေးအေးသိန်းက မေးလိုက်မိ သည်။

"ရိုးလွန်း အလွန်းတော့ ယောကျ်ားတွေပြောတာကို အဟုတ်ထင် တတ်တာပေါ့"

* * *

## (၈)

ထိုအချိန်အခါက ဦးအောင်သူသည် မြမြခင်ကို တစ်လမ်းလုံး အကဲခတ်သွားမိ၏။ မြမြခင်ကို အရင်တစ်ခါကပင် တွေ့ဆုံခဲ့ဖူးပြီမို့ မြမြခင်သည် အင်မတန် သွက်လက်ချက်ချာသော မိန်းကလေးတစ် ယောက် ဖြစ်ရမည်ဟု ခန့်မှန်းခဲ့ပြီးလည်းဖြစ်၏။

အမှန်ကတော့ ဦးအောင်သူသည် မြမြခင်ကို ဤကဲ့သို့ အကြောင်း ဆက်ရလိမ့်မည်ဟု တွေးတောခဲ့ဖူးသည် မဟုတ်။ သူ့စိတ်ရင်းစေတနာ တွင်လည်း မာမာ့ကို မတွေ့ရသောအခါ လက်မှတ်တစ်စောင်ကို ခွဲပေး ပစ်ခဲ့ရန်ဖြစ်၏။ ဒါပေမဲ့ ကြိုတင်ဝယ်ယူထားသော လက်မှတ်မှာ ရုံတွင်း သို့ တန်းဝင်နိုင်သော လက်မှတ်မျိုး မဟုတ်ဘဲ လက်မှတ်ပေါက်ဝတွင် ပြန်လဲရမည့် လက်မှတ်မျိုး ဖြစ်သောကြောင့် စာတစ်ရွက်တည်းပေါ်၌

mgyoe.com

mgyoe.com


လက်မှတ်နှစ်စောင်အတွက် ရေးထား၏။ ဒါကြောင့်လည်း လက်မှတ်တစ်စောင်ကို ခွဲပေး၍ မရနိုင်တော့ပေ။

နှစ်စောင်တွဲလက်မှတ်ကို တစ်စောင်စီ ခွဲမပေးနိုင်လျှင်လည်း နှစ်စောင်စလုံးကို ပေးရစ်ခဲ့ဖို့ကောင်း၏။ "မာမာမရှိတော့တဲ့တူတူ မာမာ့သူငယ်ချင်းများ ဖြစ်ကြတဲ့ ခင်ဗျားတို့ပဲ ကြည့်လိုက်ကြတော့ဗျာ" ဟူ၍လည်း ပြောရစ်ခဲ့ဖို့ကောင်း၏။

ထိုအတိုင်းလည်း ပြောတော့ ပြောပါသေး၏။ လက်မှတ်ကို မြမြခင်အား လှမ်းပေးကာ ကြည့်ကြပါတော့ ဟူသော သဘောမျိုးကိုလည်း ပြောလိုက်မိသေး၏။ ထိုအချိန်အခါကတည်းက ဦးအောင်သူသည် သူ့လက်မှတ်နှစ်စောင်အတွက် နှမြောတွန့်တိုခြင်း ဖြစ်နေမိ၏။ ငွေရှစ်ကျပ်ဆိုတာကလည်း သူ့အတွက် အတော်ပင် များပြားနေပေသည်။

လက်မှတ်တစ်စောင်ကို အလဟဿမဖြစ်စေရန် သူနှင့်အတူ ခုလိုတစ်စုံတစ်ယောက်သောသူအား ခေါ်ဆောင်သွားလိုသော သဘောဆန္ဒမျိုးလည်း သူ့တွင် ရှိ၏။ ဒါပေမဲ့ မြမြခင်လို မိန်းကလေးတစ်ဦးအားခေါ်ဆောင်သွားရန်တော့ သင့်တင့်လျောက်ပတ်ခြင်း ရှိလိမ့်မည်မဟုတ်ကြောင်းဖြင့် ကောင်းမွန်စွာ သဘောပေါက်မိ၏။ ဒါကြောင့်လည်း နှမြောတွန့်တိုပါလျက်နှင့် မြမြခင်ကို လက်မှတ်နှစ်စောင်တွက် ထိုးပေးခဲ့ရခြင်း ဖြစ်ပေသည်။

ဒါပေမဲ့ မမျှော်လင့်ဘဲ မြမြခင်သည် သူလိုယောကျ်ားတစ်ယောက်နှင့် အပြင်သို့ ထွက်လိုက်လာရဲသော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်းကို သိလိုက်ရသောအခါ ဦးအောင်သူသည် အတော်ပင် အားရကျေနပ်လိုက်မိ၏။ ဒါကလည်း မြမြခင်လို အရွယ်ကောင်း ကောလိပ်ကျောင်းသူကလေး တစ်ယောက်နှင့် အတူယှဉ်တွဲကာ လမ်းထွက်ခဲ့ရသောကြောင့်မဟုတ်ဘဲ သူ့လက်မှတ်နှစ်စောင်စလုံးကို အဆုံးမထားရဘဲ တစ်စောင်

mgyoe.com

mgyoe.com


ကိုသာ ဆုံးမည်ဖြစ်သောကြောင့် ဤကဲ့သို့ အားရကျေနပ်မိခြင်းဖြစ်၏။ ဦးအောင်သူ ဆိုတာကတော့ အဲဒီလောက်ပင် စေးနှဲသော လူတစ်ယောက် ဖြစ်ပေသည်။

မြမြခင်ကလည်း ဒါလောက်ကိုတော့ အကဲခတ်မိပါ၏။ ဘတ်စ်ကားကို စောင့်ကြပြီးနောက် ကားပေါ်သို့အရောက်တွင် ကားခကို ဘယ်ပုံထုတ်ပေးသည်ကို မြမြခင်က စိတ်ဝင်စားစွာ ဂရုပြုနေမိ၏။ ဦးအောင်သူသည် သူ့အပေါ်အင်္ကျီအတွင်းအိတ်ထဲသို့ လက်လျှိုကာ ဖောင်းနွမ်းနေသော သားရေအိတ်ကလေးတစ်အိတ်ကို နှိုက်ယူလိုက်၏။ ပြီးမှ ထိုအိတ်ကို ဖွင့်ကာ အထပ်ထပ်အခါခါ ပိတ်ထားသော ဖန်သီးများကို ဖြုတ်ပြန်၏။ ထိုနောက်တွင်မှ ကျပ်တန်လေးတစ်ရွက်ကို ဆွဲထုတ်သည်။

ဒါပေမဲ့ အဲဒီကျပ်တန်လေးဖြင့် လက်မှတ်ကို ဝယ်ယူခြင်းမရှိ။ ထိုကျပ်တန်လေးကို ဟိုဘက်ဒီဘက် လှန်ကြည့်ကာ နောက်တစ်ရွက်ကို သေသေချာချာ ဆွဲထုတ်ပြန်၏။ ပြီးမှ သူ့အပြုအမူကို စူးစူးစိုက်စိုက်လေး ရှေ့တန်းမှ လှည့်ကြည့်နေသော မြမြခင်အား "အသစ်ကလေးကို ပေးရမှာ နှမြောလို့ပါ" ဟု အကြောင်းပြကာ နောက်ထပ် ထုတ်ယူလိုက်သော ငွေစက္ကူအဟောင်းလေးကို လက်မှတ်ရောင်းသူလက်သို့ ကမ်းပေးလိုက်၏။ အဲဒီတော့မှ မြမြခင်ကလည်း စိတ်ထဲတွင် ကျိတ်၍ပြုံးကာ တစ်ဖက်သို့ လှည့်လိုက်ရလေသည်။

ထိုကဲ့သို့ တစ်ဦးကိုတစ်ဦး အကဲခတ်နေမိကြရာမှာတော့ မြမြခင်က အရင် ဦးအောင်သူ၏သဘောကို ခန့်မှန်းနိုင်ခဲ့၏။ အင်မတန် စေ့စပ်သေချာ၍ စေးနှဲသော လူတစ်ယောက်ဖြစ်ကြောင်းကိုလည်း ဘတ်စ်ကားပေါ်သို့ ရောက်ကတည်းက သိနိုင်ခဲ့၏။ အဲဒီတော့လည်း မြမြခင်မှာ စိတ်ထဲတွင် ရယ်ချင်စိတ်ကို မနည်းပင် မျိုသိပ်ထားရ၏။

ဤကဲ့သို့ စေးနှဲသော ယောကျ်ားများ၏အကြောင်းကို မြမြခင်

mgyoe.com

mgyoe.com


သည် သိကြားဖူးခြင်းရှိခဲ့သည်သာ ဖြစ်၏။ သို့သော်လည်း ခုကဲ့သို့မူ တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံကြုံကြိုက်ဖူးခြင်း မရှိခဲ့ပေ။

အစကတော့ မြမြခင်တွင် ဘယ်ကဲ့သို့ ရည်မှန်းချက်မျိုးမှ မရှိ။ ဤနေ့ဤရက်တွင် သူ့တွင် လမ်းထွက်စရာ အကြောင်းမရှိသောကြောင့် ပျင်းရိနေရာမှ ဦးအောင်သူနှင့် အကြောင်းဆက်ကာ လိုက်ပါလာခဲ့ခြင်းပဲ ဖြစ်၏။ ကားပေါ်သို့ ရောက်ခါမှပဲ မြမြခင်သည် တစ်ယောက်တည်း ကျိတ်၍ ပြုံးနေမိ၏။ တော်တော်လည်း ပျော်စရာကောင်းမည့်အဖြစ်ဟူ၍ မြမြခင်က စိတ်ထဲတွင် တွက်ဆနေမိလေသည်။

လမ်းမှာလည်း ဘာစကားတစ်ခွန်းကိုမျှ မပြောဖြစ်ကြ။ ဦးအောင်သူက သူတတ်နိုင်သလောက်သာ မြမြခင်ကို အကဲခတ်လျက်ရှိ၏။ ဤမျှသွက်လက်သော မိန်းကလေးတစ်ယောက်သည် သူ့ရှေ့မှောက်ကျမှ ဘာအကြောင်းကြောင့် ဆိတ်ဆိတ်ငြိမ်ငြိမ်နှင့် ဣန္ဒြေရရ ဖြစ်နေပါလိမ့်မလဲ ဟူ၍လည်း ဘယ်လိုမျှ စဉ်းစား၍ သဘောမပေါက်နိုင်လောက်အောင် ဖြစ်နေမိသည်။

ကားဆိပ်မှနေ၍ ရုပ်ရှင်ရုံဘက်သို့ လျှောက်ကြရာမှာလည်း ဦးအောင်သူက ဘယ်ကဲ့သို့သော လောကွတ်ပျူငှာခြင်းမျိုးကိုမျှ ပြုလုပ်ပြောဆိုခဲ့ခြင်း မရှိ။ အခြားအခြားသော ယောကျ်ားလေးအပေါင်းအသင်း မိတ်ဆွေများနှင့် လမ်းထွက်ရင်တော့ ထိုကဲ့သို့သော နေ့ရက်မျိုးမှာ သူတို့အတွက် အင်မတန် တွက်ခြေကိုက်တတ်၏။ စားလိုရာကို မပြောဘဲ စားရတတ်၏။ ဝယ်လိုရာကိုလည်း မပြောဘဲ ရရှိတတ်၏။ လူငယ်လူရွယ်တွေ ဆိုတာကတော့ လောကွတ်ပျူငှာရှိတတ်ကြသည် မဟုတ်ပါလား။ အလိုက်သိ၍ သူတို့၏ ရည်မှန်းချက်အတွက် အရင်းအနှီး စိုက်ထုတ်တတ်ကြသည် မဟုတ်ပါလား။

ဦးအောင်သူမှာကတော့ ဘာတစ်ခုမျှ ရည်မှန်းချက် ရှိဟန်မတူ

mgyoe.com